ကြေးမုံ

The Mirror

၁၃၇၂ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်၊ တနင်္လာနေ့၊ (22-11-2010) (၆၅၉၀)

တန်ဆောင်မုန်းလပြည့် (သာမညဖလအခါတော်နေ့)

ကုသိုလ်ပုညပြုကြသူများဖြင့် စည်ကား

နေပြည်တော် နိုဝင်ဘာ ၂၁

ယနေ့သည် တန်ဆောင်မုန်းလပြည့်(သာမညဖလအခါတော်နေ့)ဖြစ်သည်။ တန်ဆောင်မုန်းလသည် မြန်မာလ တစ်ဆယ့်နှစ်လတွင် ရှစ်လမြောက်ဖြစ်၍ တန်ဆောင်မုန်းလ၌ ရာသီက ဗြိစ္ဆာ၊ ရာသီပန်းက ခဝဲပန်း၊ နက္ခတ်က ကြတ္တိကာနှင့် ကျီးတာရာတို့သည် လနှင့်ယှဉ်၍ ထွန်းလင်းကြသည်။

တန်ဆောင်မုန်းလပြည့်နေ့ ညပိုင်းတွင် ဥပ္ပါတသန္တိစေတီတော်၌ ဘုရားဖူးလာပြည်သူများ လာရောက်ဖူးမြော် ကြည်ညိုကြစဉ်။ (သတင်းစဉ်)

တန်ဆောင်မုန်းလတွင် ရှေးမြန်မာတို့ အစဉ်အလာကျင်းပခဲ့သည့် ရာသီပွဲများမှာ ကထိန်သင်္ကန်းကပ်လှူပွဲ၊ မသိုးသင်္ကန်းရက်လုပ်ပူဇော်ပွဲ၊ ပုံ့သကူပစ်ပွဲ၊ ကြာသင်္ကန်းကပ်လှူပွဲ၊ တန်ဆောင်တိုင်မီးထွန်းပွဲနှင့် ရှင်မာလဲပွဲတို့ ဖြစ်ကြသည်။

ဗုဒ္ဓဘာသာဝင်များအနေဖြင့် တန်ဆောင်မုန်းလပြည့်နေ့ကို ဘာသာ၊ သာသနာနှင့် စပ်လျဉ်း၍ အဓိက သတ်မှတ်ထားသည့်အမည်မှာ သာမညဖလ အခါတော်နေ့ဖြစ်သည်။ ဗုဒ္ဓဘုရားရှင်သည် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✿

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✱ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✱ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✱ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✱ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✱ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✱ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဝရဒါဌာဓာတုစေတိယ စွယ်တော်မြတ်စေတီတော်(ရန်ကုန်) (၁၅)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်၊ ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲ၊ ရွှေကြာသင်္ကန်းကပ်လှူပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ တက်ရောက်ကြည်ညို ရွှေကြာသင်္ကန်းနှင့် ဆွမ်းဆန်စိမ်းများ ဆက်ကပ်လှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၂၁

ဝရဒါဌာဓာတုစေတိယ စွယ်တော်မြတ်စေတီတော်(ရန်ကုန်) (၁၅)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်၊ ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲ၊ ရွှေကြာသင်္ကန်းကပ်လှူပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကို ယနေ့(တန်ဆောင်မုန်းလပြည့်)နံနက် ၅ နာရီခွဲတွင် အဆိုပါစေတီတော်မြတ်ကြီး၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ တက်ရောက်ကြည်ညိုပြီး ရွှေကြာသင်္ကန်းနှင့် ဆွမ်းဆန်စိမ်းများ ဆက်ကပ်လှူဒါန်းသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်ကြီးများနှင့် အဖွဲ့ဝင် ဆရာတော်ကြီးများ၊ စေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး သူရဦးမြင့်မောင်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ စေတီတော်ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်တင်ငွေ ဝရဒါဌာဓာတုစေတိယ စွယ်တော်မြတ်စေတီတော် ဂန္ဓကုဋိတိုက်အတွင်း၌ ကိန်းဝပ်စံပယ်တော်မူသော ဗုဒ္ဓရုပ်ပွား ဆင်းတုတော်အား ရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ ဆရာတော် သံဃာတော်အရှင်သူမြတ်တို့က ဂန္ဓကုဋိတိုက်အတွင်း၌ ကိန်းဝပ်စံပယ်တော်မူသော မုဒြာကိုးပါး ဗုဒ္ဓရုပ်ပွားဆင်းတုတော်များနှင့် စေတီတော်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

ထို့နောက် အခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်လိုက်ပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ တောင်ငူဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ပဏ္ဏဝံသထံမှ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❍

၂၂-၁၁-၂၀၁၀
(တနင်္လာနေ့)

တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုဖော်ဆောင်

(၄)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ (ACMECS) ထိပ်သီးအစည်းအဝေးကို ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ နိုဝင်ဘာ ၁၇ ရက်က ကျင်းပသည်။

အဆိုပါ ထိပ်သီးအစည်းအဝေးသို့ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆမ်ဒက်ဟွန်ဆန်၊ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဘိုဝါဆွန် ဘုဖာဝမ်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်၊ ထိုင်းနိုင်ငံဝန်ကြီးချုပ် မစ္စတာ အဘီဆစ်ဝဲ့ချာချီဝ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်း၊ အာဆီယံ အတွင်းရေးမှူးချုပ် ဒေါက်တာ ဆူရင်ပစ်ဆူဝမ်တို့ တက်ရောက်ကြသည်။

(၄)ကြိမ်မြောက် ACMECS ထိပ်သီးအစည်းအဝေးဖွင့်ပွဲတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်က မိန့်ခွန်းပြောကြားရာ၌ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်နေသည့် သက်ဆိုင်ရာ အဖွဲ့အစည်းများအား ပိုမိုတွန်းအားပေးရေး၊ ၂၀၁၅ ခုနှစ်တွင် အာဆီယံအသိုက်အဝန်းတစ်ရပ် ထူထောင်နိုင်ရေးကို အရှိန်အဟုန်မြှင့်တင်ရေး၊ ချမှတ်ထားသည့် ရည်မှန်းချက်များ အောင်မြင်ရေးအတွက် အစိုးရပိုင်းသာမက ပုဂ္ဂလိကအပိုင်းကပါ တက်တက်ကြွကြွ ပါဝင်လာစေရန် အားပေးကူညီရေး စသည့် အချက်များကို ပြောကြားသည်။

ထိပ်သီးအစည်းအဝေးတွင် ACMECS ဝန်ကြီးချုပ်များက အဖွဲ့ဝင်နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှု ထိရောက်စွာ ဖော်ဆောင်နိုင်ရန် ပုဂ္ဂလိကကဏ္ဍပါဝင်မှု အလေးထားရေး၊ စီးပွားရေးကောင်စီ၏ အခန်းကဏ္ဍမြှင့်တင်ရေး၊ စက်မှုနှင့် စွမ်းအင်ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးကြသည်။

ဆက်လက်၍ အဖွဲ့ဝင်ဝန်ကြီးချုပ်များက ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းမြှင့်တင်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းအဖွဲ့များဖွဲ့စည်းပြီး ထိထိရောက်ရောက် အကောင်အထည်ဖော်ရေးနှင့် နယ်စပ်ဒေသများ၌ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ လွယ်ကူချောမွေ့စေရေးတို့နှင့် စပ်လျဉ်းပြီး သဘောထားအမြင်များ ဖလှယ်ဆွေးနွေးကြသည်။

(၄)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ ACMECS ထိပ်သီးအစည်းအဝေးတွင် အက်မက်စ် ဖနောင်ပင်ကြေညာချက်စာတမ်းနှင့် ရှေ့လုပ်ငန်းစဉ် (၂၀၁၀-၂၀၁၂) တို့ကို အတည်ပြုနိုင်ခဲ့သည်။ ACMECS နိုင်ငံများသည် ရေမြေဒေသချင်း ဆက်စပ်လျက်ရှိရာ ဖြစ်တည်နေသော ချစ်ကြည်ရင်းနှီးမှုနှင့် အိမ်နီးချင်းကောင်းပီသသည့် ဆက်ဆံရေးများမှသည် နိုင်ငံချင်းအလိုက်နှင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများ၊ ဒေသ၏တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကိုဆက်လက်ဖော်ဆောင်သွားနိုင်ကြမည်ဖြစ်ပါသည်။ ။

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် (၂၈) ရပ်ကွက် (ရွှေ့ပြောင်းအိမ်ရာစီမံကိန်း) အောင်သီရိလမ်းနေ ကွယ်လွန်သူ ဇနီး ဒေါ်ဝင်းဝင်းမြင့်(ခ) မိပြုံး (ကြို့ပင်ကောက်) ခြောက်လပြည့်အားရည်စူး၍ ခင်ပွန်း ဦးတင်အုန်းက ထာဝရဆွမ်းပဒေသာပင်အတွက် ငွေကျပ် ငါးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း) ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

အထက ဒိုက်ဦး ကျောင်းသား၊ ကျောင်းသူဟောင်းများ အာစရိယ ပူဇော်မည်

ဒိုက်ဦး နိုဝင်ဘာ ၂၁

ဒိုက်ဦးမြို့ အထက်တန်းကျောင်း၏ (၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၆ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ယင်းကျောင်း၏ အောင်ရတနာခန်းမ၌ စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ရာ အထက(ဒိုက်ဦး) ဖုန်း-၀၅၂-၄၀၀၂၈၊ ဦးကြည်မြင့် (ရန်ကုန်) ဖုန်း-၀၉-၈၀၂၃၂၀၆၊ ဦးဇော်မင်း (ရန်ကုန်) ဖုန်း-၀၁-၇၃၀၅၁၈၀၄၊ ဦးချစ်ဆွေ (ပဲခူး) ဖုန်း-၀၅၂-၂၃၉၄၄၊ ဦးမျိုးမင်း (ဒိုက်ဦး) ဖုန်း-၀၅၂-၄၀၀၈၉၊ ဦးသန်းနိုင် (ဒိုက်ဦး) ဖုန်း-၀၅၂-၄၀၂၁၁နှင့် ဦးဇော်ဝင်း (ဒိုက်ဦး) ဖုန်း-၀၅၂-၄၀၀၄၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ဗိုလ်မှူးချုပ်သန်းထွန်းဦး တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဖွင့်ပွဲတက်ရောက်

နေပြည်တော် နိုဝင်ဘာ ၂၁

တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၅ ရက် နံနက်ပိုင်းတွင် နယ်မြေခံလေ့ကျင့်ရေးကျောင်း သေနတ်ပစ်ကွင်း၌ ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သန်းထွန်းဦး၊ တပ်မတော်အရာရှိကြီးများ၊ တပ်ရင်း၊ တပ်ဖွဲ့မှူးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် သေနတ်ပစ်ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

အစီအစဉ်အရ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး လေပူဖောင်းများအား သေနတ်ဖြင့်ပစ်ဖောက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ တိုင်းမှူးနှင့် တက်ရောက်လာကြသူများသည် သေနတ်ပစ်အသင်းများ၏ ပြိုင်ပွဲဝင် ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် တိုင်းမှူးသည် တိုင်းစစ်ဌာနချုပ် မွေးမြူရေးခြံသို့ရောက်ရှိပြီး မွေးမြူရေးနှင့် စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဝန်ကြီး ဦးခင်မောင်မြင့် လားရှိုးမြို့ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူးကြီးရုံး၌ လမ်းအထူးအဖွဲ့၊ ခရိုင်အဖွဲ့နှင့် မြို့နယ်အဖွဲ့များမှ ဝန်ထမ်းများနှင့်တွေ့ဆုံ

နေပြည်တော် နိုဝင်ဘာ ၂၁

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် နိုဝင်ဘာ ၁၈ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း အင်ဂျင်နီယာမှူးကြီးရုံးသို့ ရောက်ရှိရာ အင်ဂျင်နီယာမှူးကြီး ဦးစိုင်းကျော်မိုးက ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းရှိ ဝန်ထမ်းအင်အားဖွဲ့စည်းပုံ၊ ခရိုင်နှင့် မြို့နယ်အတွင်းရှိ ကတ္တရာလမ်း၊ ကျောက်ချောလမ်း၊ အမာခံလမ်း၊ မြေလမ်းနှင့် ဒေသဖွံ့ဖြိုးရေးလမ်း ၂၂ လမ်းတို့ကို ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများအား ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက မိမိတို့ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်များအတွင်းရှိ လမ်းများ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ရန်၊ ပွင့်လင်းရာသီတွင် လုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရန်၊ လမ်းခင်းပစ္စည်းများ၊ စက်ယာဉ်ယန္တရားများ ကြိုတင်စီစဉ်ဆောင်ရွက်ထားရန်နှင့် လမ်းအင်္ဂါရပ်များနှင့်အညီ သတ်မှတ်စံချိန်စံညွှန်းအတိုင်း ဆောင်ရွက်ရန်တို့ကို မှာကြားပြီး လမ်းအထူးအဖွဲ့၊ ခရိုင်အဖွဲ့နှင့် မြို့နယ်အဖွဲ့များမှ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဝန်ထမ်းများအနေဖြင့် မိမိတို့တာဝန်ယူ ဆောင်ရွက်နေသည့် လုပ်ငန်းများအပေါ် စေတနာထားဆောင်ရွက်ရန်၊ ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ကျင့်ကြံနေထိုင်ရန်နှင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဌာနခွဲများ ဖွဲ့စည်းပုံအတိုင်း စနစ်တကျ ဆောင်ရွက်ရန်တို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး (ကလေး)မှ ခရိုင်ဦးစီးမှူး ဦးအောင်နိုင် နိုဝင်ဘာ ၂၀ ရက်က ယာဉ်မောင်းရက်တို မွမ်းမံသင်တန်း အမှတ်စဉ်(၉/၁၀)တွင် ယာဉ်မတော်တဆမှု လျော့နည်းပပျောက်ရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဟောပြောစဉ်။

(သတင်းစဉ်)

အထက(၇) မင်္ဂလာတောင်ညွန့် ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၁

အထက(၇) မင်္ဂလာတောင်ညွန့်မှ ကျောင်းသား၊ ကျောင်းသူဟောင်းများ ကြီးမှူး၍ ဆရာကြီး၊ ဆရာမကြီးများအား ဒုတိယအကြိမ်မြောက် ပူဇော်ကန်တော့ကြမည့် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၂၈ ရက်(တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် အဆိုပါကျောင်းရှိ ဧရာဝတီခန်းမ၌ ကျင်းပမည် ဖြစ်သည်။

အဆိုပါ အာစရိယပူဇော်ပွဲသို့ ကျောင်းသား၊ ကျောင်းသူဟောင်း တပည့်များအားလုံး မပျက်မကွက် တက်ရောက် ပူဇော်ကန်တော့ကြရန်နှင့် အလှူငွေများ ထည့်ဝင်လှူဒါန်းလိုပါက ဒေါ်သန်းသန်းဌေး (ကျောင်းအုပ်ဆရာမကြီး) ဖုန်း-၇၃၀၅ ၇၂၆၈၊ ကိုသိန်းကျော် ဖုန်း-၀၉၅၁၂၂ ၇၀၈၊ ကိုကျော်မျိုးအောင် ဖုန်း-၇၃၀၄၀၃၃၈၊ ကိုထွန်းထွန်းဝင်း ဖုန်း-၀၉-၈၅၀၂၄၉၃၊ ကိုကျော်မျိုးဝင်း ဖုန်း-၀၉-၅၀၅၆၂၉၉၊ ကိုတင်မောင်အေး ဖုန်း-၀၉-၅၁၆၀၇၈၅၊ ကိုမြင့်လွင် ဖုန်း-၀၉-၅၀၇၆၈၉၄၊ မနီလာထွန်း ဖုန်း-၂၉၉၅၅၂၊ မကြည်ကြည်မာ ဖုန်း-၅၄၂၈၁၆နှင့် မဇီဇီသန်း ဖုန်း-၃၈၉၆၁၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့က လမ်းလယ်ကျွန်းရှိ ပလက်ဖောင်းကပ်တုံးများ ဆေးသုတ်နေမှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၂-၁၁-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၂၀ ၃။ ဓမ္မပူဇာတေး
၇း၂၅ ၄။ မျိုးချစ်တပ်မတော်
၇း၃၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ အမျိုးသားရေးတေးကဗျာ
၄း၂၅ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၃၅ ၅။ မျိုးချစ်တပ်မတော်
၄း၄၅ ၆။ စိုက်ပျိုးသုတ
၄း၅၅ ၇။ မြတ်နိုးကြစေ အမျိုးသားအမွေ
၅း၂၀ ၈။ ဗွီစီဒီကျော်ကြားတေးများ
၅း၃၀ ၉။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း
-မိုးသောက်ကြယ် (အပိုင်း-၃၇)
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၂။ လျှပ်တစ်ပြက်
၆း၄၀ ၁၃။ သံစဉ်လမ်းက လင်းလက်ကြယ်
၇း၀၀ ၁၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ဖြူစင်သောအားမာန် (အပိုင်း-၁၀)**
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ အမျိုးသားရေးတေးကဗျာ
၁၇။ နိုင်ငံတကာသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ Talk Of The Town
၂၀။ မေးမြန်းစူးစမ်း
၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၂။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -သိုင်းသမားခုနစ်ဖော် (အပိုင်း-၁၈)**
၂၃။ Miniseries
၂၄။ သင့်အတွက်မနက်ဖြန်
၂၅။ အပိတ်နှုတ်ဆက်စကား
၂၆။ ပြီးပါပြီ။

○ ဝရဒါဌာစာတုစေတီယမှ

ဗိုလ်ချုပ်တင်ဌေး အမှူးပြုသော ဧည့်ပရိသတ်တို့က ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော် သံဃာတော်အရှင်သူမြတ်တို့ထံမှ မေတ္တာသုတ် အစရှိသော ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ စစ်ကိုင်းစာသင်တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဓမ္မာနန္ဒထံမှ ဗိုလ်ချုပ်တင်ဌေးနှင့် ဧည့်ပရိသတ်တို့က အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ယင်းနောက် ဗိုလ်ချုပ်တင်ဌေးသည် တိုင်းမှူး၊ ဝန်ကြီး၊ မြို့တော်ဝန်နှင့် အဖွဲ့ဝင်များနှင့်အတူ စေတီတော် ဂန္ဓကုဋိတိုက်အတွင်း၌ ကိန်းဝပ်စံပယ်တော်မူသော မုဒြာကိုးပါး ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအား ရွှေကြာသက်န်းများ ဆက်ကပ်လှူဒါန်းပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ

စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဗိုလ်ချုပ်တင်ဌေးသည် တိုင်းမှူးနှင့်ဇနီး၊ ဝန်ကြီး၊ မြို့တော်ဝန်နှင့် ဒုတိယမြို့တော်ဝန်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ စေတီတော်ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များ၊ အလှူရှင်များနှင့်အတူ သံဃာတော်အရှင်သူမြတ်များအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လောင်းလှူသည်။ (သတင်းစဉ်)

ဆွမ်းဆန်စိမ်း လောင်းလှူ

ဝရဒါဌာစာတုစေတီယစွယ်တော်မြတ်စေတီတော် (ရန်ကုန်)၌ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

ဝန်ကြီး ဦးမောင်မောင်ဆွေ မြေနီကုန်းရှိ မီးသတ်တပ်ဖွဲ့နည်းပညာနှင့် သုတေသနအဆောက်အအုံ တည်ဆောက်ရေးစီမံကိန်း ကြည့်ရှုစစ်ဆေး

ရန်ကုန် နိုဝင်ဘာ ၂၁

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေသည် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးတင်မိုးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မြေနီကုန်းရှိ မီးသတ်တပ်ဖွဲ့နည်းပညာနှင့် သုတေသနအဆောက်အအုံ ဆောက်လုပ်ပြီးစီးမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ဆောက်လုပ်ရေးလုပ်ငန်း တာဝန်ခံအင်ဂျင်နီယာက အဆောက်အအုံ ဆောက်လုပ်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဝန်ကြီးက အဆောက်အအုံ ဆောက်လုပ်ရာတွင် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ တည်ဆောက်ရေး၊ အသုံးပြုပစ္စည်းများ အရည်အသွေးပြည့်မီမှန်ကန်ရေး၊ အချိန်မီပြီးစီးရေးအလေးထား ဆောင်ရွက်သွားရန်တို့ကို မှာကြား၍ လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေ စမ်းချောင်းမြို့နယ် မြေနီကုန်းရှိ မီးသတ်တပ်ဖွဲ့နည်းပညာနှင့် သုတေသနအဆောက်အအုံ ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြတ်တဲ့အလှူပွဲ

❀ ခဝဲရွှေစင် ပန်းတော်ဝင်
တန်ဆောင်မုန်းလ အလှဆင်၊
ကြည်လင်သန့်ရှင်း မြူမှုန်ကင်း
ဝိုင်းစက်ပြည့်ဝန်း ငွေလမင်း။

❀ ကြယ်တစ်သင်းနဲ့ ဝန်းရံလာ
တာရာနက္ခတ် ကြတ္တိကာ၊
ရာသီ ဗြိစ္ဆာ သမယ
မိုးဥတုနှောင်း ဆောင်းဦးစ။

❀ ထိန်လင်းဝင်းပ ရွှန်းရွှန်းမြိုင်
ဆင်ယင်ကျင်းပ တန်ဆောင်တိုင်၊
သူနိုင်ကိုယ်နိုင် ယှဉ်ပြိုင်နွှဲ
မသိုးသင်္ကန်း ရက်လှူပွဲ။

❀ ကြိုးစားအားခဲ ဒီအချိန်
လှူဒါန်းဆက်ကပ် ဘုံကထိန်၊
တစ်နှစ်တစ်ကြိမ် တစ်ခါနွှဲ
မြတ်တဲ့အလှူပွဲ။ ။

ရာဇာညွှန့်

စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်

နေပြည်တော် နိုဝင်ဘာ ၂၁

နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့မှ (၁၅)နှစ်သက်တမ်းအထက် ရပ်ကွက်/ကျေးရွာအုပ်စုများတွင် စည်းရုံးရေးခေါင်းဆောင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သော စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားကို ပျဉ်းမနားမြို့နဒီမြစ်(၂)ခန်းမ၌ အောက်တိုဘာ ၂၁ ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပသည်။

အခမ်းအနားတွင် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်မှူးကြီးရဲညွှန့်၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကြည်အေး (ငြိမ်း)တို့က အမှာစကား ပြောကြားပြီး ရပ်ကွက်၊ ကျေးရွာအုပ်စုများတွင် စည်းရုံးရေးတာဝန် ထမ်းဆောင်ခဲ့သော စစ်မှုထမ်းဟောင်းအဖွဲ့ဝင် လုပ်သက် (၁၅)နှစ်အထက်ရှိသူ ၄၇ ဦးအား ဂုဏ်ပြုမှတ်တမ်းနှင့် ဆုငွေများကို တာဝန်ရှိသူများက ပေးအပ်ကြသည်။

ထို့နောက် ဂုဏ်ပြုချီးမြှင့်ခြင်းခံရသူများကိုယ်စား ဒုတိယဗိုလ်မှူးကြီးသန်းဆွေ (ငြိမ်း)က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

(ကြေးမုံ)

မြန်မာနိုင်ငံမြောက်ပိုင်းစွန်းဒေသများ မိုးရွာနိုင်

နေပြည်တော် နိုဝင်ဘာ ၂၁

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးရွာခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ **ညအပူချိန်များမှာ** ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** မြစ်ကြီးနားမြို့တွင် ၁ ဒသမ ၃၄ လက်မ၊ မောင်တောမြို့တွင် သုည ဒသမ ၄၃ လက်မနှင့် ဗန်းမော်မြို့တွင် သုည ဒသမ ၃၉ လက်မတို့ဖြစ်ကြသည်။
ဘင်္ဂလားပင်လယ်အော်အခြေအနေ ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။
နိုဝင်ဘာ ၂၂ ရက် ညနေထိခန့်မှန်းချက် ။ ။ ကချင်ပြည်နယ်တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးရွာနိုင်ပြီး မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့်သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။
မြန်မာ့ပင်လယ်ပြင်တွင် ။ ။ လှိုင်းအသင့်အတင့်ရှိမည်။
နောက်နှစ်ရက်အတွက်ခန့်မှန်းချက် ။ ။ မြန်မာနိုင်ငံမြောက်ပိုင်းစွန်းဒေသများတွင် မိုးရွာနိုင်သည်။
နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။
ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။
မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

နှင်းဆီကုန်းဘိုးဘွားရိပ်သာ ပျော်ပွဲရှင်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၁

နှင်းဆီကုန်းဘိုးဘွားရိပ်သာ၏ (၄၉) ကြိမ်မြောက် ပျော်ပွဲရှင်ပွဲ နိဗ္ဗာန်ဈေးပွဲတော်ကို ဒီဇင်ဘာ ၄ ရက် (စနေနေ့) တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ပျော်ပွဲရှင်ပွဲနိဗ္ဗာန်ဈေးပွဲတော်တွင် ခရိုင်နှင့် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ ကျောင်းများ၊ ကုမ္ပဏီများနှင့် ပုဂ္ဂလိကစေတနာရှင်များ၊ ဘာသာရေးနှင့် လူမှုရေးအသင်းအဖွဲ့များက စားသောက်ဖွယ်ရာမျိုးစုံ၊ လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ လက်ဆောင်ပစ္စည်းများ၊ တိုင်းရင်းဆေးများအပါအဝင် ဆိုင်ခန်းပေါင်း ၆၀ ကျော် ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်ပြီး ဆိုင်အရင်းငွေနှင့် အမြတ်ငွေပေါင်း၍ ဘိုးဘွားများအတွက် လှူဒါန်းကြမည်ဖြစ်သည်။

ဖွင့်ပွဲအခမ်းအနားကို ယင်းနေ့ညနေ ၅ နာရီတွင် စတင်မည်ဖြစ်ရာ အဆိုတော် ဒေါ်ရီရီသန့်က သက်ရှည်ကျန်းမာမင်္ဂလာရတုပိုဒ်စုံဖြင့် ဂုဏ်ပြုသီဆိုမည်ဖြစ်ပြီး ဖွင့်ပွဲအခမ်းအနားအပြီးတွင် အနုပညာရှင်များက မြန်မာမှုတေးသံသာများဖြင့် လည်းကောင်း၊ ည ၇ နာရီမှစ၍ ရွှေတံဆိပ်ဆုရှင် သန္တာလင်းအငြိမ့်အဖွဲ့ဖြင့် လည်းကောင်း ပရိသတ်များအား ဖျော်ဖြေကြမည်ဖြစ်သည်။ ကလေးများအတွက် ပျော်ရွှင်ဖွယ်ရာ ကစားနည်းများ ပါဝင်မည်ဖြစ်၍ ပျော်ပွဲရှင်ပွဲဝင်ကြေး အလှူငွေမှာ ကလေး/လူကြီးတစ်ဦးလျှင် ငွေကျပ် ၁၀၀ ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၂-၁၁-၂၀၁၀ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် - ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
၇း၃၀ ၂။ နံနက်ခင်းသတင်း
၇း၄၀ ၃။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး-ဗိုလ်လေးတင့်အောင်)
၇း၅၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၈း၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈း၁၀ ၆။ အတီးပြိုင်ပွဲ
၈း၂၀ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၃၀ ၈။ "ကိုစိန်နဲ့ကိုယ်ဝန်ဆောင်မိခင်"
၈း၄၀ ၉။ International News
၈း၄၅ ၁၀။ တေးဂီတအစီအစဉ်
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄း၁၀ ၂။ အကပဒေသာ
၄း၂၀ ၃။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၄း၃၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ်(ရသစာပေ အရေးအသားအထူးပြု (ရသစာပေအရေးအသား)
၄း၅၀ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၄း၅၅ ၆။ တေးဂီတအစီအစဉ်
၅း၁၀ ၇။ မြန်မာစာ၊ မြန်မာစကား
၅း၃၅ ၈။ မြန်မာတေးသံရှင်ရွေးချယ်ပွဲ
၆း၀၀ ၉။ ညနေခင်းသတင်း
၆း၁၅ ၁၀။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၁။ ဆိုကြမယ်၊ပျော်ကြမယ်
၇း၀၀ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နှင်းပွင့်သစ္စာ" (အပိုင်း-၉)**
၈း၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရေသူမလေးနောက်ဆုံးချစ်ပုံပြင်"(ပထမပိုင်း) (အပိုင်း-၈)**
၁၇။ "သုခုမရင်ပြင်"
၁၈။ အစီအစဉ်ပြီး၏။

ဂျူးအခြေစိုက်အိမ်ရာတည်ဆောက်မှု ဆိုင်းငံ့ကာလ ရက် ၉၀ ထပ်တိုးရေး အကြိုတ်အနယ်ဆွေးနွေး

ဂျေရုဆလင် နိုဝင်ဘာ ၂၁ - အနောက်ဘက်ကမ်းဒေသ ဂျူးအခြေစိုက်အိမ်ရာများ တည်ဆောက်မှုဆိုင်းငံ့ကာလအသစ်တစ်ရပ် ဖော်ဆောင်ရေးအတွက် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုသည် ၎င်း၏အစိုးရအဖွဲ့နှင့် တနင်္ဂနွေနေ့က အကြိတ်အနယ် ဆွေးနွေးခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

အနောက်ဘက်ကမ်းဒေသရှိ ဂျူးအခြေစိုက်အိမ်ရာစီမံကိန်းတစ်ရပ်တွင် ပါလက်စတိုင်း အလုပ်သမားတစ်ဦးကို နိုဝင်ဘာ ၂၁ ရက်က တွေ့ရစဉ်။

လွန်ခဲ့သည့် စက်တင်ဘာလက သက်တမ်းကုန်ဆုံးခဲ့သော အခြေစိုက်အိမ်ရာ တည်ဆောက်မှု ဆိုင်းငံ့ကာလကို သက်တမ်းမတိုးပါက ဆွေးနွေးပွဲစားပွဲဝိုင်းသို့ လာရောက်မည်မဟုတ်ကြောင်း ပါလက်စတိုင်းတို့က ငြင်းဆန်ထားရာ အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေးဖြစ်စဉ်အတွက် အတိမ်းအစောင်းမခံသော အခြေအနေသို့ ရောက်ရှိနေပြီဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

အနောက်ဘက်ကမ်းဒေသ၌ ဂျူးအခြေစိုက် အိမ်ရာတည်ဆောက်မှု ခေတ္တရပ်ဆိုင်းပေးပါက အဆင့်မြင့်နည်းပညာသုံး အက်ဖ်-၃၅ တိုက်လေယာဉ်အစင်း ၂၀ ကို အစ္စရေးနိုင်ငံသို့ ထောက်ပံ့ပေးမည်ဖြစ်ကြောင်း အမေရိကန်ပြည်ထောင်စုက မက်လုံးပေးထားသည်။

အရှေ့ဂျေရုဆလင်၌ အိမ်ရာတည်ဆောက်မှုများကို အစ္စရေးက မရပ်နားသရွေ့ အမေရိကန်၏ ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပြန်လည်စတင်ရေး အဆိုပြုချက်ကို လက်ခံမည် မဟုတ်ကြောင်း ပါလက်စတိုင်း သမ္မတ မာမွတ်အဘတ်စ်က နိုဝင်ဘာ ၂၁ ရက်တွင် ပြောကြားသည်။

အရှေ့ဂျေရုဆလင်နှင့် အနောက်ဘက်ကမ်းဒေသ နှစ်နေရာလုံးမှ အစ္စရေးအိမ်ရာ စီမံကိန်းများ ရပ်နားရန် ပါလက်စတိုင်းတို့က ဆန္ဒရှိသည်ဟု ဆိုသည်။

ပါလက်စတိုင်းကို အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေးဆွေးနွေးပွဲသို့ ပြန်လည်ခေါ်ယူနိုင်ရန် အခြေစိုက် အိမ်ရာတည်ဆောက်မှု ဆိုင်းငံ့ကာလကို ရက်ပေါင်း ၉၀ တိုးရန် အမေရိကန်ပြည်ထောင်စုက အစ္စရေးကို ဖိအားပေးလျက်ရှိသည်။ **အေပီ။**

ပါဆယ်ဗုံးတိုက်ခိုက်မှုများ ဆက်လက်လုပ်ဆောင်ရန် အယ်လ်ခိုင်ဒါအဖွဲ့ကြုံးဝါး

ဟောင်ကောင် နိုဝင်ဘာ ၂၁

လွန်ခဲ့သည့်လက ဖြစ်ပွားခဲ့သော ကုန်တင်လေယာဉ်ပေါ်၌ ပါဆယ်ဗုံးတင်ဆောင်ကာတိုက်ခိုက်ရန် ကြိုးပမ်းခြင်းကဲ့သို့ အကြမ်းဖက်တိုက်ခိုက်မှု အသေးစားများဖြင့် အနောက်အုပ်စုနိုင်ငံများကို တိုက်ခိုက်သွားရန်ယီမင် အခြေစိုက် အယ်လ်ခိုင်ဒါဂိုဏ်းခွဲက ကြွေးကြော်ထားကြောင်း ယနေ့သတင်းတစ်ရပ်တွင်ဖော်ပြသည်။

တိုက်ခိုက်မှု အသေးစားများကို ကြိမ်ရေများစွာ လုပ်ဆောင်မည်ဟူသော အယ်လ်ခိုင်ဒါတို့၏နည်းဗျူဟာကို ဒဏ်ရာငယ်များစွာရအောင်လုပ်၍ ရန်သူကိုပြိုလဲစေခြင်း မဟာဗျူဟာဟူ၍ သတင်းတွင် ဖော်ပြထားသည်။

ကုန်တင်လေယာဉ်ပေါ် ပါဆယ်ဗုံးတင်ပို့၍ တိုက်ခိုက်ရန်ကြံစည်ခြင်းသည် အများအပြားသေဆုံးစေရန် ရည်ရွယ်လိုရင်းမဟုတ်ဘဲ စီးပွားရေးလုပ်ငန်းများကို ထိုးနှက်တိုက်ခိုက်လိုခြင်းသာဖြစ်ကြောင်း အာရေဗီးယန်းကျွန်းဆွယ် အယ်လ်ခိုင်ဒါအဖွဲ့(အေကျူအေပီ)က ထုတ်ဖော်ပြောကြားသည်။

၂၀၀၁ခုနှစ် စက်တင်ဘာ ၁၁ အကြမ်းဖက်တိုက်ခိုက်မှုကဲ့သို့သော ကြီးမားသည့်စီမံချက်မျိုးလုပ်ဆောင်ရန် အယ်လ်ခိုင်ဒါအဖွဲ့က ဆန္ဒမရှိလှကြောင်း၊ အမေရိကန်နိုင်ငံကို ထိုးနှက်ရန်အတွက် အတိုင်းအဆကြီးမားသော တိုက်ခိုက်မှုမျိုး လုပ်ဆောင်ရန်မလိုအပ်ကြောင်း အေကျူအေပီ၏ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော အင်စပိုင်ရာမဂ္ဂဇင်းတွင် ဖော်ပြထားသည်။

အမေရိကန်ပြည်ထောင်စုကဲ့သို့သော နိုင်ငံများတွင် လူနည်းနည်းသာလိုအပ်ပြီး အချိန်ကုန်သက်သာသည့် အသေးစားတိုက်ခိုက်မှုများလုပ်ဆောင်ရန် ပိုမိုဖြစ်နိုင်ပြီး ထိုသို့လုပ်ဆောင်ခြင်းဖြင့် အမေရိကန်နိုင်ငံ၏ လုံခြုံရေး တံတိုင်းကိုချိုးဖောက်နိုင်ဖွယ်ရှိကြောင်း အင်စပိုင်ရာ မဂ္ဂဇင်းတွင် ဖော်ပြထားသည်။ **အေအက်ဖ်ပီ။**

ပျက်ကျသည့်လေယာဉ်မှ ပြန်တွေ့သော အသည်းဖြင့် အောင်မြင်စွာ အစားထိုးကုသနိုင်

လန်ဒန် နိုဝင်ဘာ ၂၁

ဗြိတိန်နိုင်ငံ ဘာမင်ဂမ်လေဆိပ်၌ နိုဝင်ဘာ ၁၉ ရက်က ပျက်ကျခဲ့သော လေယာဉ်မှ လူနာတစ်ဦးကို ကိုယ်အင်္ဂါ အစားထိုးကုသရန် တင်ဆောင်လာသော အသည်းအား ပြန်လည်ရှာတွေ့ပြီးနောက် အစားထိုးကုသမှုကို အောင်မြင်စွာ လုပ်ဆောင်ခဲ့ပြီးဖြစ်ကြောင်း နိုဝင်ဘာ ၂၀ ရက် သတင်းများတွင် ဖော်ပြသည်။

လွှဲပြောင်းပေး

အစားထိုးကုသမည့် အသည်းအစိတ်အပိုင်းကို အိုင်ယာလန်နိုင်ငံ ဘဲလ်ဖတ်မြို့မှ တင်ဆောင်လာခြင်းဖြစ်သည်။ အဆိုပါ အသည်းကို လေယာဉ်ပျက်ကျမှုဆီသို့ လာရောက်သည့်ရဲတပ်ဖွဲ့ဝင်တစ်ဦးက တွေ့ရှိခဲ့ပြီး ဘာမင်ဂမ်မြို့ ကွင်းအဲလိဇဘတ် ဆေးရုံသို့ ပြန်လည်လွှဲပြောင်းပေးခဲ့ခြင်း ဖြစ်သည်။

လေယာဉ်ပျက်ကျမှုကြောင့် အသည်းမှာ ပျက်စီးခြင်းမရှိဘဲ အောင်မြင်စွာ အစားထိုးကုသနိုင်မည့် အနေအထားတွင်ရှိကြောင်း ကွင်းအဲလိဇဘတ်ဆေးရုံက ပြောကြားခဲ့သည်။

အစားထိုးကုသ

ယခုအသည်းအစားထိုးကုသမှုသည် ကွင်းအဲလိဇဘတ်ဆေးရုံက ငါးရက်တာအတွင်း ခြောက်ကြိမ်မြောက် လုပ်ဆောင်ခဲ့သော အစားထိုးကုသမှုဖြစ်ပြီး လူနာ၏ အခြေအနေမှာလည်း ကောင်းမွန်ကြောင်း ဆေးရုံတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အသည်းတင်လေယာဉ်

အစားထိုးကုသမည့် အသည်းကို တင်ဆောင်လာသည့် လေယာဉ်ပျက်ကျမှုကြောင့် လေယာဉ်မှူး ပြင်းထန်စွာ ဒဏ်ရာရခဲ့ပြီး အခြားတစ်ဦးမှာလည်း ဒဏ်ရာအနည်းငယ်ရခဲ့သည်။ ယင်းဖြစ်စဉ်ကြောင့် ဘာမင်ဂမ်လေဆိပ်ကို ၂၄ နာရီကြာမျှ ပိတ်ခဲ့ရသည်။

အင်တာနက်။

ပိုင်ဆိုင်မှုအငြင်းပွားနေသော ကျွန်းများအနီး တပ်ဖွဲ့ဝင်များ ဖြန့်ချရန် ဂျပန်စီမံနေဟုဆို

တိုကျို နိုဝင်ဘာ ၂၁

အရှေ့တရုတ်ပင်လယ်ပြင်၌ တရုတ်နိုင်ငံ၏ ရေတပ်စစ်ရေးလှုပ်ရှားမှုကို တုံ့ပြန်သည့်အားဖြင့် ဂျပန်နိုင်ငံသည် ၎င်း၏ အနောက်ဘက်စွန်းကျွန်း တစ်ကျွန်းပေါ်သို့ ဂျပန်တပ်ဖွဲ့ဝင်များစေလွှတ်ရန်စီမံနေကြောင်း နစ်ကိုင်းနေ့စဉ်သတင်းစာက နိုဝင်ဘာ ၂၁ရက်တွင် ဖော်ပြသည်။

အရှေ့တရုတ်ပင်လယ်ပြင်အတွင်းရှိ ပိုင်ဆိုင်မှုအငြင်းပွားလျက်ရှိသော ကျွန်းစုများမှ ကီလိုမီတာ ၁၆၀ခန့်အကွာ တရုတ်(တိုင်ပေ)ကျွန်းမှ ကီလိုမီတာ ၁၁၀အကွာတွင်ရှိသော ယိုနဂူနီကျွန်းသို့ တပ်ဖွဲ့ဝင် ၁၀၀စေလွှတ်ရန် ဂျပန်အစိုးရက စီမံနေကြောင်း သတင်းတွင်ဖော်ပြထားသည်။

အဆိုပါ ဂျပန်တပ်ဖွဲ့ဝင်များသည် တိုက်ခိုက်ရေးမဟုတ်သော လုပ်ငန်းတာဝန်များကိုထမ်းဆောင်ကြမည်ဖြစ်ကြောင်း နစ်ကိုင်းသတင်းစာတွင်ဖော်ပြထားသည်။

ဒေသတွင်းရှိနေသော စစ်သင်္ဘောများနှင့် လေယာဉ်များ၏ အဆက်အသွယ်ပြုလုပ်မှုများနှင့် လှုပ်ရှားမှုများကို စောင့်ကြည့်ရန်အတွက် အပေါ့စားလက်နက်များတပ်ဆင်ထားသည့် တပ်ဖွဲ့တစ်ဖွဲ့ကို ယိုနဂူနီကျွန်းသို့စေလွှတ်ရန်လည်း ဂျပန်အစိုးရက စီမံနေကြောင်း အဆိုပါ သတင်းစာတွင် ဖော်ပြထားသည်။

သို့ရာတွင် ဂျပန်အစိုးရ၏ စီမံချက်ကို ၂၀၁၄ခုနှစ်တိုင် အကောင်အထည်ဖော်နိုင်ဦးမည်မဟုတ်ကြောင်း သတင်းတွင် ဖော်ပြထားသည်။ သို့ရာတွင် အကြောင်းရင်းအသေးစိတ်ကိုမူ ရှင်းလင်းထားခြင်းမရှိပေ။ **အမ်အင်အေ၊ ရိုက်တာ။**

ဂျပန်တပ်ဖွဲ့များ စေလွှတ်မည်ဆိုသော ယိုနဂူနီကျွန်း။

မူးယစ်ရာဇာဗေးလ်ဒက်ဗ်ကို အမေရိကန်သို့လွှဲပြောင်းရန် မက္ကဆီကိုစီစဉ်

မက္ကဆီကိုစီးတီး နိုဝင်ဘာ ၂၁ - မူးယစ်ဆေးဝါးဂိုဏ်းခေါင်းဆောင်တစ်ဦးအဖြစ် စွပ်စွဲခံထားရသော အက်ဂါဗေးလ်ဒတ်ဗ်ကို မူးယစ်ဆေးဝါး တရားမဝင်ရောင်းဝယ်မှုများနှင့် ပတ်သက်သော စွဲချက်များကိုရင်ဆိုင်ရန် အမေရိကန်ပြည်ထောင်စုသို့လွှဲပြောင်းပေးအပ်ရေးအတွက် စတင်လုပ်ဆောင်နေပြီဖြစ်ကြောင်း မက္ကဆီကိုအာဏာပိုင်များက နိုဝင်ဘာ ၂၀ရက်တွင် ပြောကြားသည်။

မူးယစ်ရာဇာ ဗေးလ်ဒက်ဗ်ကို မက္ကဆီကိုနိုင်ငံ မက္ကဆီကို စီးတီးမြို့ရှိ ဖက်ဒရယ်ရဲတပ်ဖွဲ့ ဌာနချုပ်၌ တွေ့ရစဉ်။

ဗေးလ်ဒက်ဗ်သည် အမေရိကန်နိုင်ငံတက္ကဆက်ပြည်နယ် လာရီဒိုမြို့တွင် မွေးဖွားခဲ့သူဖြစ်ပြီး ကိုကင်းတရားမဝင်ရောင်းဝယ်မှုဖြင့် ၂၀၀၂ခုနှစ်တွင် လူဝီစီးယားနားပြည်နယ်၌လည်းကောင်း၊ အလားတူ ၁၉၉၈ခုနှစ်တွင် တက္ကဆက်ပြည်နယ်၌လည်းကောင်း တရားစွဲဆိုခံထားရသူဖြစ်သည်။

ဗေးလ်ဒက်ဗ်အား မက္ကဆီကိုရဲတပ်ဖွဲ့၏ စစ်ဆင်ရေးတစ်ခုအတွင်း ဩဂုတ် ၃၀ရက်က ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။ ယင်းအပြင် မက္ကဆီကိုနိုင်ငံတစ်ဝန်းဖြစ်ပွားခဲ့သော မူးယစ်ဂိုဏ်းများကို အရင်းခံသည့် လူသတ်မှုအများအပြားတွင် ၎င်း၏ ပယောဂ မကင်းကြောင်း မက္ကဆီကိုရဲတပ်ဖွဲ့က ပြောကြားသည်။

လနှင့်ချီ၍ကြာမည့် တရားခံလွှဲပြောင်းရေး အစီအစဉ်များ အပြီးသတ်နိုင်သည့်တိုင် ဗေးလ်ဒက်ဗ်ကို မက္ကဆီကိုနိုင်ငံ အလယ်ပိုင်းရှိ လုံခြုံရေးအတင်းကျပ်ဆုံး အယ်လ်အော်လ်တီပလာနို အကျဉ်းထောင်သို့ ရွှေ့ပြောင်းချုပ်နှောင်ထားမည်ဖြစ်ကြောင်း ရဲတပ်ဖွဲ့၏အဆိုအရသိရသည်။

အေအက်ဖ်ပီ။

ကလေးများ ဆေးလိပ်သောက်သုံးမှုကို ကာကွယ်ရန် ဗြိတိန်ရှိ ဆေးလိပ်ကုမ္ပဏီများ ထုပ်ပိုးမှုပုံစံပြောင်းရဖွယ်ရှိ

လန်ဒန် နိုဝင်ဘာ ၂၁

လူငယ်များ ဆေးလိပ်သောက်သုံးမှုကို တားမြစ်ရန် ကြိုးပမ်းမှုတစ်ရပ်အနေဖြင့် ဗြိတိန်ဈေးကွက်အတွင်းရှိ စီးကရက်ကုမ္ပဏီများသည် ၎င်းတို့၏ကုန်စည်များကို ထုပ်ပိုးရာတွင် ဘူးခွံကို မီးခိုးရောင် သို့မဟုတ် အညိုရောင် တစ်ရောင်တည်းဖြင့်သာ ထုပ်ပိုးရောင်းချရန် ဖိအားပေးခံရဖွယ်ရှိကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

လူငယ်များ ဆေးလိပ်သောက်သုံးချင်စိတ် ပေါ်လာရေးအတွက် တောက်ပသော အရောင်များဖြင့် ထုပ်ပိုးဆွဲဆောင်ခြင်းမပြုနိုင်စေရန် ဗြိတိန်ဈေးကွက်အတွင်းရှိ စီးကရက်အမျိုးမျိုးတို့ကို အရောင်စံနှုန်းတစ်ခုတည်းဖြင့်သာ ထုပ်ပိုးရောင်းချခွင့်ပြုရေးကို ဗြိတိန်ဝန်ကြီးအဖွဲ့က သုံးသပ်နေကြောင်း သတင်းတွင် ဖော်ပြသည်။

ဈေးကွက်နည်းဗျူဟာ

အရောင်အမျိုးမျိုးဖြင့် စီးကရက်ကိုထုပ်ပိုးရောင်းချခြင်းသည် ဆေးလိပ်ကုမ္ပဏီများက ဆေးလိပ်သောက်သုံးသူများ အသစ်အသစ်ပေါ်လာစေရန် ဆွဲဆောင်သော ဈေးကွက်နည်းဗျူဟာတစ်ရပ်ဖြစ်ကြောင်း ဗြိတိန်ကျန်းမာရေးဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးက ဆိုသည်။

စီးကရက်ထုပ်ပိုးမှု ပုံစံများ အပြောင်းအလဲပြုလုပ်ခြင်းသည် ကလေးများ ဆေးလိပ်သောက်သုံးမှုကို တားဆီးနိုင်မှုရှိ၊ မရှိကို ဗြိတိန်အစိုးရက သိလိုကြောင်း သတင်း၌ ဖော်ပြထားသည်။

ယင်းသို့ စီးကရက်များကို အရောင်စံနှုန်းတစ်ခုတည်းဖြင့် ထုပ်ပိုးရာတွင် ဘူးခွံပေါ်၌ ကျန်းမာရေးဝန်ကြီးဌာန၏ အခြေခံညွှန်ကြားချက်များနှင့် သတိပေးရုပ်ပုံကိုသာ ဖော်ပြရမည်ဟုဆိုသည်။ **အေအက်ဖ်ပီ။**



ကဘူးမြို့ရှိ အာဖဂန်သမ္မတ နန်းတော်အနီး လုံခြုံရေးစောင့်ကြပ်နေသော အာဖဂန်ရဲတပ်ဖွဲ့ဝင်။

၂၀၁၄ ခုနှစ်တွင် ပြည်ပတပ်ဖွဲ့များ အာဖဂန်မှ ရုပ်သိမ်းရေးကို တာလီဘန် လက်မခံ နိုင်ငံခြားတပ်ဖွဲ့များ အာဖဂန်မြေမှ ထွက်ခွာသည်အထိ တိုက်ပွဲဝင်မည်ဟုဆို

ကဘူး နိုဝင်ဘာ ၂၁ - အာဖဂန်နစ္စတန်နိုင်ငံကို လုံခြုံရေးအရ ထိန်းချုပ်မှုအား လွှဲပြောင်းမည့်ကာလအဖြစ် သတ်မှတ်ထားသော ၂၀၁၄ ခုနှစ် မတိုင်မီ အမေရိကန်ဦးဆောင်သော ပြည်ပတပ်ဖွဲ့များကို ဆက်လက်တိုက်ပွဲဝင်သွားမည်ဖြစ်သည်။ ၎င်းတို့ အာဖဂန်နစ္စတန်နိုင်ငံမှ ထွက်ခွာသွားရန် ဖိအားပေးမည်ဖြစ်ကြောင်း တာလီဘန်အဖွဲ့က နိုဝင်ဘာ ၂၁ ရက်တွင် ပြောကြားသည်။

၂၀၁၄ ခုနှစ်တွင် မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး) အနေဖြင့် အာဖဂန်နစ္စတန်နိုင်ငံတွင် တည်ငြိမ်သော အစိုးရအဖွဲ့ကို ဖွဲ့စည်းပေးနိုင်လိမ့်မည်မဟုတ်ကြောင်း တာလီဘန်ပြောရေးဆိုခွင့်ရှိသူက သတင်းဌာနများသို့ အသိပေးသည်။

ငြိမ်းချမ်းရေးဆွေးနွေးပွဲနှင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်း၏ ကမ်းလှမ်းချက်နှင့်ပတ်သက်၍ ၎င်းက ထည့်သွင်းပြောကြားခဲ့ခြင်းမရှိပေ။ သမ္မတကာဇိုင်း၏ ကမ်းလှမ်းချက်ကို တစ်ယူသန် တာလီဘန်ခေါင်းဆောင်ပိုင်းက ငြင်းပယ်ခဲ့သည်။

ပေါ်တူဂီနိုင်ငံ လစ္စဘွန်းမြို့၌ ကျင်းပသော နေတိုးအဖွဲ့၏ ထိပ်သီးညီလာခံ၌ အာဖဂန် ပြည်တွင်းလုံခြုံရေးကိစ္စအရပ်ရပ်အား အာဖဂန်တပ်ဖွဲ့များထံ လွှဲပြောင်းနိုင်ရေးကို ၂၀၁၁ ခုနှစ် အစောပိုင်းတွင် စတင်လုပ်ဆောင်ရန်နှင့် အပြည့်အဝ လွှဲပြောင်းမှုကို ၂၀၁၄ ခုနှစ် နှစ်ကုန်ပိုင်းတွင် အပြီးသတ်လုပ်ဆောင်ရန်တို့ကို သဘောတူညီခဲ့ကြသည်။

၂၀၁၄ ခုနှစ် နောက်ပိုင်းတွင် နိုင်ငံတကာတပ်ဖွဲ့ဝင် အများစုသည် အာဖဂန်တပ်ဖွဲ့ဝင်များကို လေ့ကျင့်မှုပေးရန် ဆက်လက်ရှိနေဦးမည်ဖြစ်သော်လည်း အချို့တပ်ဖွဲ့များမှာ တိုက်ခိုက်ရေးတာဝန်ယူရန် အာဖဂန်နစ္စတန်၌ ဆက်ရှိနေဦးမည်ဟု မျှော်လင့်ရသည်။ **အေပီ။**

မစ်ကီဝေးလ်ကြယ်စုအတွင်း၌ ပြင်ပဂလက်ဆီတစ်ခုမှ ရောက်ရှိလာသော ဂြိုဟ်သစ်တစ်စင်းတွေ့ရှိ

ဘာလင် နိုဝင်ဘာ ၂၁

ကမ္ဘာမြေတည်ရှိရာ နဂါးငွေ့တန်းကြယ်စု (ဂလက်ဆီ)အတွင်းသို့ ပြင်ပမှ ဝင်ရောက်လာသော ဂြိုဟ်တစ်ခုကို နက္ခတ္တသိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ကြောင်း နိုဝင်ဘာ ၁၈ ရက် သတင်းတွင် ဖော်ပြသည်။

ကြာသပတေးဂြိုဟ်နှင့် အလားသဏ္ဍာန်တူသော အဆိုပါဂြိုဟ်သည် တစ်ချိန်က အရွယ်အစားအားဖြင့် သေးငယ်သောဂလက်ဆီတစ်ခုတည်းမှ ဖြစ်သည်။ ယင်းဂလက်ဆီငယ်ကို ကမ္ဘာမြေကြီးအပါအဝင်ဖြစ်သော မစ်ကီဝေးလ်ဂလက်ဆီကြယ်စုက ဝါးမျိုခဲ့ကြောင်း သိပ္ပံပညာရပ်ဆိုင်ရာ ဂျာနယ်တစ်စောင်၌ သုတေသနပညာရှင်များက ဖော်ပြသည်။

အိတ်ချ်အိုင်ပီ ၁၃၀၄၄ ဟု အမည်ပေးထားသော အဆိုပါ ကြယ်ဂြိုဟ်သည် သက်တမ်းကုန်ဆုံးလုနီးပါး ဖြစ်နေသော ကြယ်တစ်လုံးကို ဗဟိုပြုလှည့်ပတ်နေပြီး ကမ္ဘာမြေမှ အလင်းနှစ် ၂၀၀၀ အကွာအဝေးတွင် တည်ရှိသည်။

ဂြိုဟ်ရှာဖွေ စူးစမ်းသူများသည် နက္ခတ္တသိပ္ပံပညာဆိုင်ရာ နည်းစနစ်အမျိုးမျိုးကို အသုံးပြု၍ နေစကြဝဠာပြင်ပရှိ ဂြိုဟ်များကို ရှာဖွေခဲ့ရာ ဂြိုဟ်သစ်ပေါင်း ၅၀၀ နီးပါးမျှကို တွေ့ရှိခဲ့သည်။ သို့ရာတွင် အဆိုပါ ဂြိုဟ်များသည် မစ်ကီဝေးလ်ဂလက်ဆီအတွင်းမှပင် ရှိနေသော ဂြိုဟ်များ ဖြစ်ကာ အိတ်ချ်အိုင်ပီ ၁၃၀၄၄ ကဲ့သို့ ပြင်ပဂလက်ဆီတစ်ခုမှ ဝင်ရောက်လာသော ကြယ်ဂြိုဟ် မဟုတ်ကြောင်း ကျွမ်းကျင်သူများက ပြောကြားသည်။

အိတ်ချ်အိုင်ပီ ၁၃၀၄၄ ကို ချီလီနိုင်ငံရှိ အဝေးကြည့်မှန်ပြောင်း အသုံးပြုကာ ရှာဖွေနိုင်ခဲ့ခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။ **အင်တာနက်။**

ဖိလစ်ပိုင်နိုင်ငံ ဘူလူဆန်မီးတောင်ပြာများမှုတ်ထုတ်၍ လူရာပေါင်းများစွာ ထွက်ပြေးကြ

မနီလာ နိုဝင်ဘာ ၂၁

ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်းရှိ ဘူလူဆန်မီးတောင်သည် တနင်္ဂနွေနေ့က မီးခိုးနှင့်ပြာများကို လေထုအတွင်းမှုတ်ထုတ်ခဲ့ရာ မီးတောင်အနီးဝန်းကျင်၌ နေထိုင်သူရာပေါင်းများစွာတို့ ဘေးလွတ်ရာသို့ ထွက်ပြေးခဲ့ကြရကြောင်း သတင်းများတွင် ဖော်ပြသည်။

ပြီးခဲ့သည့် သီတင်းပတ်များအတွင်းမှစ၍ ဘူလူဆန်မီးတောင်သည် မီးခိုးနှင့် ပြာများကို ခြောက်ကြိမ်မျှ မှုတ်ထုတ်ခဲ့သော်လည်း ရုတ်တရက်ပေါက်ကွဲမည့် အန္တရာယ်မရှိကြောင်း ဖိလစ်ပိုင်အစိုးရ၏ မီးတောင်ဗေဒပညာရှင်များက ပြောကြားသည်။

ဘူလူဆန်မီးတောင်သည် ပြာနှင့်မီးခိုးများကို လေထုအတွင်း အမြင့်တစ်မိုင်ကျော်အထိ ကိုးမိနစ်ကြာမှုတ်ထုတ်ခဲ့ခြင်းကြောင့် အီရိုဆင်းနှင့်ဂျူဘန်းမြို့တို့တွင် နေထိုင်သူများလည်း အိုးအိမ်များစွန့်ခွာထွက်ပြေးခဲ့ရသည်ဟု ဆိုသည်။

မီးတောင်သည် မီးခိုးနှင့်ပြာများ မှုတ်ထုတ်ခဲ့ပြီးနောက် ပြန်လည်ငြိမ်သက်သွားပြီဖြစ်ရာ ထွက်ပြေးတိမ်းရှောင်သွားသော ရွာသားများအနေဖြင့် ၎င်းတို့၏ အိုးအိမ်များရှိရာသို့ ပြန်လာရန် မျှော်လင့်နေကြကြောင်း သတင်းတွင် ဖော်ပြသည်။

ဘူလူဆန်မီးတောင်သည် ဖိလစ်ပိုင်နိုင်ငံရှိ ပေါက်ကွဲနိုင်သော မီးတောင် ၂၃ လုံးတွင် တစ်လုံးအပါအဝင်ဖြစ်ပြီး မြို့တော်မနီလာ အရှေ့တောင်ဘက် ကီလိုမီတာ ၃၈၀ အကွာရှိ ဆောဆိုဂွန်ပြည်နယ်တွင် တည်ရှိသည်။ **အေပီ။**

ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်အား လုပ်ကြံနိုင်ပါက ဆုကြေးအဖြစ် ဒေါ်လာ သန်း ၁၀၀ ကမ်းလှမ်းခဲ့ဟုဆို

ကာရာကတ်ခ် နိုဝင်ဘာ ၂၁

ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်

မိမိကို လုပ်ကြံသတ်ဖြတ်နိုင်ပါက အမေရိကန်ဒေါ်လာ သန်း ၁၀၀ ဆုငွေအဖြစ် ပေးမည်ဟူသော ကမ်းလှမ်းချက်ကို ပြုလုပ်ရာတွင် တိုင်းပြည်မှထွက်ပြေးသွားသော ရုပ်သံလုပ်ငန်းရှင်တစ်ဦးလည်း ပါဝင်သည်ဟု ဗင်နီဇွဲလားနိုင်ငံသမ္မတ ဟူဂိုချာဗက်ဇ်က နိုဝင်ဘာ ၂၀ ရက်က စွပ်စွဲပြောကြားသည်။

သမ္မတ ဟူဂိုချာဗက်ဇ်သည် ဗင်နီဇွဲလားနိုင်ငံသား ဆင်းရဲသားများအကြားတွင် လူကြိုက်များသော ခေါင်းဆောင်တစ်ဦးဖြစ်သော်လည်း စီးပွားရေး အသိုက်အဝန်းကမူ ၎င်းအား မုန်းတီးကြသည်။

ရေနံသယံဇာတကြွယ်ဝသည့် ဗင်နီဇွဲလားနိုင်ငံ၌ သမ္မတအဖြစ် တာဝန်ထမ်းဆောင်စဉ် ၁၁ နှစ်တာပတ်လုံး ၎င်းအား လုပ်ကြံသတ်ဖြတ်ရန် စီမံသူများရှိနေကြောင်း သမ္မတ ချာဗက်ဇ်က မကြာခဏပြောကြားလေ့ရှိသည်။

ဂလိုဗိုဗွီးရှင်းရုပ်သံဌာနကို ပိုင်ဆိုင်သော ဂွီလာမိုဇူလိုအာဂါသည် ဒေါ်လာသန်း ၁၀၀ တန် လုပ်ကြံရေး စီမံကိန်း၏ နောက်ကွယ်၌ ပါဝင်နေသူများအနက် တစ်ဦးဖြစ်ကြောင်း ချာဗက်ဇ်က ပြောကြားသည်။

ဇူလိုအာဂါသည် ကားအရောင်းအဝယ်လုပ်ငန်းတွင် မရိုးမသား လုပ်ဆောင်ခဲ့ကြောင်း တရားစွဲဆိုခံရပြီးနောက် ယခုနှစ်စောစောပိုင်းတွင် အမေရိကန်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်သွားသူဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

အမ်အင်အေ၊ ရိုက်တာ။

စီချွမ်ပြည်နယ်တွင်ကျောက်မီးသွေးတွင်း ရေလွှမ်းမိုးမှုကြောင့် ၂၈ ဦးပျောက်ဆုံးနေ

ပေကျင်း နိုဝင်ဘာ ၂၁ - တရုတ်နိုင်ငံ စီချွမ်ပြည်နယ်ရှိ ကျောက်မီးသွေးတွင်းတစ်တွင်း၌ ရေလွှမ်းမိုးမှုတစ်ရပ် တနင်္ဂနွေနေ့က ဖြစ်ပွားရာ အလုပ်သမား ၂၈ဦး ပိတ်မိနေကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

စီချွမ်ပြည်နယ်အနောက်တောင်ပိုင်းတွင်ရှိသော ဘာရှန်ကျောက်မီးသွေးတွင်းရေလွှမ်းမိုးမှုဖြစ်ပွားစဉ် အလုပ်သမား ၄၁ဦးမှာ မြေပြင်ပေါ်၌ရှိနေပြီး တွင်းထဲမှ ၁၃ဦး ပြန်လည်လွတ်မြောက်ခဲ့ကြောင်း၊ ပိတ်မိနေသူ ၂၈ဦးကို ကယ်ဆယ်ရန်အတွက် လုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း စီချွမ်ပြည်နယ်လုပ်ငန်းခွင် လုံခြုံရေးဗျူရိုတာဝန်ရှိသူတစ်ဦးက ဆိုသည်။

ကျောက်မီးသွေးတွင်းထဲတွင် ရေပမာဏ ကုဗပေ ၁၄၁၀၀၀ ဝင်ရောက်လျက်ရှိပြီး ယင်းရေများကို စုပ်ထုတ်ရန်အတွက် ရေစုပ်စက်များမှာယူထားရာ ရောက်ခါနီးပြီးဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

ဘာရှန်ကျောက်မီးသွေးတွင်းသည် ထုတ်လုပ်မှုရပ်ဆိုင်းထားပြီး တစ်နှစ်လျှင် ကျောက်မီးသွေးတန်ချိန် ၅၀၀၀၀မှ ၆၀၀၀၀အထိ တိုးမြှင့်ထုတ်လုပ်ရန် ပြင်ဆင်နေဆဲဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံ၌ ကမ္ဘာပေါ်တွင် အန္တရာယ်အများဆုံးကျောက်မီးသွေးတွင်းများ တည်ရှိပြီး ယခုဖြစ်ရပ်သည် နောက်ဆုံးဖြစ်ပွားသော မိုင်းတွင်းမတော်တဆမှုတစ်ရပ်ဖြစ်သည်။ ကျောက်မီးသွေးတွင်း မတော်တဆဖြစ်ရပ်များကြောင့် ၂၀၀၉ခုနှစ် တစ်နှစ်တည်းမှာပင် တရုတ်နိုင်ငံသား ၂၆၀၀သေဆုံးခဲ့ရကြောင်း သတင်းတွင်ဖော်ပြသည်။ တရုတ်နိုင်ငံသည် ၎င်း၏စွမ်းအင်အရင်းအမြစ် ၇၀ရာခိုင်နှုန်းကို ကျောက်မီးသွေးမှ ထုတ်ယူသုံးစွဲနေရသည်။ **အေပီ။**

▲ ကျောဖုံးမှ

နှစ်မိုင်ခန့်အကွာတွင် နမ့်ကျန်ချောင်းပေါ်၌ တည်ဆောက်ထားသည့် ဆည်တမံကို တွေ့ရသည်။

နမ့်ကျန်ချောင်းသည် ရေစီးသန်ပြီး ရေမှာ ကြည်လင်အေးမြမှုရှိသည်။ ထိုဒေသတွင် စပါး၊ ပန်းနှမ်း၊ ပြောင်း၊ ပဲ၊ လက်ဖက်များကို စိုက်ပျိုးကြပြီး ပလောင်တိုင်းရင်းသားများ အေးချမ်းသာယာစွာ နေထိုင်ကြသည်။ တောင်သူလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းကြသည်။ ရေလှောင်တမံ အနီးတစ်ဝိုက်တွင် နမ့်ကျန်ရွာနှင့် လှောင်ရွာများ တည်ရှိကြသည်။

နမ့်ကျန်ရေလှောင်တမံတွင် ဦးစီးအရာရှိ ဦးသန်းထွန်းနှင့် ဦးစီးမှူး ဦးညွန့်မောင်တို့က တည်ဆောက်မှု အချက်အလက်များကို ရှင်းလင်းပြသကြသည်။ နမ့်ကျန်ရေလှောင်တမံကို ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၏ တောင်ဘက်သုံးမိုင်ခန့်အကွာ နမ့်ကျန်ကျေးရွာအနီးတွင် တည်ဆောက်ထားကြောင်း၊ တမံသည် နမ့်ကျန်ချောင်းကို မြေသားတမံပိတ်ထားခြင်းဖြစ်ကြောင်း၊ ရေဆင်းဧရိယာ သုံးစတုရန်းမိုင်၊ နှစ်စဉ် ပျမ်းမျှစီးဝင်ရေ ဧကပေ ၃၉၀၀၊ တမံအမြင့်မှာ ၅၅ ပေ၊ အလျား ၇၇၈ ပေ၊ ကန်ရေပြည့်ရေလှောင်ပမာဏ ၁၁၆ ဧကပေ၊ ကန်ရေသေရေလှောင်ပမာဏ ၁၃၅ ဧကပေ၊ ကန်ရေပြည့်ရေပြင်ကျယ် ဧရိယာ ၁၈ဧကရှိကြောင်း ရှင်းလင်းပြသသည်။

ရေထုတ်ပြွန်နှင့်ပတ်သက်၍ လေ့လာရာတွင် သံကူကွန်ကရစ် အမျိုးအစားဖြစ်ပြီး (က)အချင်း ၁၂ လက်မ သံမဏိပိုက်အလျား ပေ ၁၆၀ ဖြစ်သည်။ ရေပိုလွှဲအမျိုးအစားမှာ သံကူကွန်ကရစ် (ကျောက်ပန်းရန်စီ)ဖြစ်ပြီး အလျား ပေ၂၃၀ ရှိပြီး အကျယ် ၂၅ ပေရှိသည်။

သောက်သုံးရေပေးဝေနိုင်မှုမှာ ပမာဏ ဂါလန်ပေါင်း သိန်း ၉၂၀ ဖြစ်ပြီး ရေဘေးအန္တရာယ်ကာကွယ်နိုင်မှုမှာ ရန်တိုင်းအောင်ဘုရားပရဝုဏ်နှင့် ရပ်ကွက်(၁) တို့ဖြစ်ကြသည်။သောက်သုံးရေပေးဝေမှုတွင် ရေလှောင်ကန် စုစုပေါင်း ၂၀ ရှိပြီး တစ်ခုချင်းဆံ့သော ရေဂါလန်များကို ဖြည့်တင်း၍ မြို့တွင်းသို့ ဆက်သွယ်ပိုက်များဖြင့် ရေပေးဝေသည်။ ရေပေးဝေမှုကို စည်ပင်သာယာရေးဦးစီးဌာနမှ ကြီးကြပ်ဆောင်ရွက်ကြောင်း သိရှိရသည်။

စိုက်ပျိုးရေပေးဝေမှုတွင် ၂၀၁၀ ခုနှစ် အောက်တိုဘာလအထိ ၅၁ ဒသမ ၇၄ ဧကရှိပြီး သောက်သုံးရေပေးဝေမှုတွင် ၅၇၉ ဒသမ ၈၆ဧကပေ ရှိကြောင်း တွေ့ရှိရသည်။ ထိုဒေသတွင် နှစ်စဉ်ပျမ်းမျှ မိုးရေချိန် လက်မ၅၀ ရှိပြီး ပူပြင်းခြောက်သွေ့သော ရာသီတွင် မြို့လူထုအတွက် သောက်သုံးရေ ပိုမိုရရှိခံစားကြရမည်ဖြစ်သည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ်တွင် နမ့်ကျန်ရေလှောင်တမံ တည်ဆောက်ပေးခြင်းဖြင့် မြို့လူထု သောက်သုံးရေရရှိခြင်း၊ ဒေသစိမ်းလန်းစိုပြည်ခြင်း အပြင် ရေကြီးမှုအန္တရာယ်များ ကာကွယ်နိုင်ခြင်း စသော အကျိုးဆက်များ ပိုမိုခံစားရရှိလာပြီဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

နမ့်ကျန်ရေလှောင်တမံ၏ နှစ်ပေ ရေထုတ်ပြွန်ကို တွေ့ရစဉ်။

နမ့်ကျန်ရေလှောင်တမံ၏ ရေပိုလွှဲကို တွေ့ရစဉ်။

စီးပွားရေးတက္ကသိုလ် အာစရိယပူဇော်မည်

ရန်ကုန် နိုဝင်ဘာ ၂၁

၁၉၆၆-၁၉၇၀ခုနှစ် စီးပွားရေးတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများ၏ အဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၂ရက်တွင် ရန်ကုန်မြို့ Western Park Restaurant (သခင်မြပန်းခြံ) ၌ ကျင်းပမည်ဖြစ်ပြီး စီးပွားရေးဘွဲ့ရ အနှစ်(၄၀)မြောက် (ပတ္တမြားရတု) ကျရောက်သောကြောင့် အာစရိယပူဇော်ပွဲကို ထူးထူးခြားခြားကျင်းပလိုသဖြင့် အကြံဉာဏ်များ ပေးကြရန်နှင့် အလှူငွေများကို ဦးကျော်ညွန့် ဖုန်း-၀၉-၅၁၇၈၇၆၀၊ ဦးစိန်ဝင်း ဖုန်း-၀၉-၅၀၃၇၉၆၂၊ ဦးတင်ထွန်း ဖုန်း-၀၉-၅၁၁၃၁၉၅၊ ဦးခိုင်စိန် ဖုန်း-၀၉-၅၀၃၈၀၁၂၊ ဦးကြည်ဝင်း ဖုန်း-၀၁-၅၁၂၀၇၈၊ ဦးဟန်စိုး ဖုန်း-၀၉-၂၀၅၈၁၆၉၊ ဒေါ်ခင်ဆွေအုန်း ဖုန်း-၀၉-၈၀၂၀၁၈၃၊ ဒေါ်အောင်ကြည် ဖုန်း-၀၉-၅၀၄၇၈၅၆၊ ဒေါ်ညိုမီကြည် ဖုန်း-၀၁-၅၈၀၂၅၈၊ ဒေါ်ခင်ညိုဝင်း ဖုန်း-၀၉-၅၄၀၂၇၃၁နှင့် ဒေါ်ဆွေတင်ဝင်း ဖုန်း-၀၂-၃၆၉၀၀ တို့သို့ ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

အထက(၂) မအူပင် ကျောင်းအဝင် ကတ္တရာလမ်းဖွင့်

မအူပင် နိုဝင်ဘာ ၂၁

မအူပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှတ်(၁၁)ရပ်ကွက်ရှိ အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းအဝင် ကတ္တရာလမ်းဖွင့်ပွဲကို နိုဝင်ဘာ ၁၄ ရက်က ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်း၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးညွန့်စိန်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဉက္ကဋ္ဌ ဦးညီညီလင်းနှင့် တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများနှင့် လူမှုရေးအသင်းအဖွဲ့များ စုံညီစွာ တက်ရောက်ကြပြီး ကတ္တရာလမ်းသစ်ကို ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသန်း၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးညွန့်စိန်နှင့် ဒေသခံပြည်သူ ဦးသိန်းတန်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

(မြို့နယ်စည်ပင်)

ကယားပြည်နယ် ဒီမောဆိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က စည်ပင် (၁) လမ်းရှိ ရေနုတ်မြောင်း ပြန်လည်တူးဖော်ဆယ်ယူခြင်း လုပ်ငန်းကို အောက်တိုဘာ ၃၁ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ထားဝယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ထားဝယ်မြို့ မင်္ဂလာမျှော်အင်းကန်အတွင်း သန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကို အမှုဆောင်အရာရှိ(ဒုတိယညွှန်ကြားရေးမှူး) ဦးအောင်ကျော်စိုး ကွင်းဆင်းကြပ်မတ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ဥတုရာသီ တောက်ပိုမို၏

STI မှ Seminar on Marketing Management ဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၁

စီးပွားရေးလုပ်ငန်းတစ်ခု၏ mission နှင့် ရောင်းရငွေ မိမိရရ ဖန်တီးရာတွင် ဈေးကွက်ရှာဖွေခြင်း (Marketing) သည် အဓိကကျသော အခန်းကဏ္ဍတစ်ရပ်ဖြစ်သည်။ Marketing တွင် မိမိတို့ ထုတ်လုပ်သော ကုန်စည်နှင့် ဝန်ဆောင်မှုများ ဈေးကွက်တွင် ဖောက်ထွက်နိုင်ရေး၊ မှန်ကန်သော ဈေးနှုန်းသတ်မှတ်ရေး၊ မှန်ကန်သော သတင်းအချက်အလက်များထုတ်ဖော်ရေး၊ အဖွဲ့အစည်း၏ ရေတို၊ ရေရှည် ရည်ရွယ်ချက်များ အကောင်အထည်ဖော်ရေးတို့ကို စုစည်းလှုံ့ဆော်ပေးမည့် လုပ်ဆောင်ချက် မှန်သမျှ ပါဝင်သည်။

STI က ဦးစီးဆောင်ရွက်မည့် Marketing Management Seminar တွင် Sales နှင့် Marketing တို့၏ ကွဲပြားခြားနားပုံကို သင်ကြားပြသမည်ဖြစ်သည်။ ထို့အပြင် သမားရိုးကျ marketing စနစ်၊ ခေတ်သစ် marketing စနစ်၊ IT နည်းပညာသုံး social marketing စနစ်နှင့် integrated marketing စနစ်သို့ အဆင့်ဆင့် ဖြစ်ပေါ်ပြောင်းလဲပုံတို့ကို စာတွေ့နှင့် လက်တွေ့ကျင့်သုံးလျက်ရှိသည့် ကုမ္ပဏီများအား ချိတ်ဆက်၍ တင်ပြသွားမည်ဖြစ်သည်။

Marketing သဘောတရားတွင် မဏ္ဍိုင်လေးရပ် ပါဝင်သည်။ ၎င်းတို့မှာ ပစ်မှတ်ထားရည်ရွယ်သော ဈေးကွက် (Target Market)၊ စားသုံးသူများ၏ လိုအပ်ချက်ကို သိမြင်မှု၊ ဈေးကွက်တစုတစည်းတည်းရှိရန် ပုံဖော်မှုနှင့် အမြတ်ရရှိမှုတို့ဖြစ်သည်။ အောင်မြင်သော ဈေးကွက်ပုံဖော်ရာတွင် အဓိကအချက်မှာ မှန်ကန်သောဈေးကွက် ပြဋ္ဌာန်းခြင်း (right target market) ဖြစ်သည်။ Marketing management process တွင် mission, vision, goals တိုးတက်နိုင်မည့် အခွင့်အလမ်းများ၊ ထုတ်ကုန်-ဈေးကွက်ဗျူဟာများ ဖော်ထုတ်ခြင်း၊ ဘဏ္ဍာငွေခွဲဝေခြင်း၊ စီးပွားရေး ကျဆင်းချိန်တွင် ပြန်လည်နာလန်ထူရန် ဗျူဟာများချမှတ်ခြင်း စသည်တို့ ပါဝင်ကြောင်း သိရှိရသည်။

ယင်းဆွေးနွေးပွဲတွင် ဈေးကွက်ဝေစု (Market Share)၊ အရောင်းပမာဏ (Sales Volume)၊ အမြတ်၊ ဈေးကွက်စွမ်းအား (marketing productivity)၊ စားသုံးသူ၏ ကျေနပ်မှုနှင့် ၎င်းတို့၏ တစ်သက်တာ တန်ဖိုးထားမှု စသည့် သီအိုရီများကို လက်တွေ့ဖြင့် ထင်ဟပ်ဆက်စပ်ပြမည့်အတွက် ဈေးကွက် ထိုးဖောက်သည့်နည်း၊ နိသရည်းပညာရပ်များဖြင့် ပြည့်စုံကုံလုံ၍ ပြိုင်ဘက်များကို ကျော်ဖြတ် အောင်မြင်တိုးတက်မှုများပါ ရရှိနိုင်မည်။

ဆွေးနွေးပွဲကို နိုဝင်ဘာ ၂၈ ရက် (တနင်္ဂနွေနေ့)တွင် STI Education (Myanmar Info-Tech) ၌ ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို STI Education တည်ရှိရာ အဆောင် (၄) အခန်း(၇) Myanmar Info-Tech, Hlaing Campus လှိုင်မြို့နယ်သို့ လည်းကောင်း၊ အမှတ်(၃၇၇) ရွှေဘုံသာ(အထက်)လမ်း ပန်းဘဲတန်းမြို့နယ်သို့ လည်းကောင်း ဖုန်း-၂၅၀၀၅၆၊ ၇၀၀၂၇၃၊ ၅၀၇၁၅၂၊ ၅၀၇၀၄၈နှင့် ၅၀၇၁၅၁ တို့သို့ ဆက်သွယ်စုံစမ်း၍ လက်မှတ်ဝယ်ယူနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

၂၀၁၀ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆက်လက်ကျင်းပ တင်ဒါစနစ်ဖြင့် ကျောက်စိမ်းအတွဲပေါင်း ၁၄၉၅ တွဲ စတင်ရောင်းချရ

နေပြည်တော် နိုဝင်ဘာ ၂၁

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲဗဟိုကော်မတီက ကြီးမှူးကျင်းပသော ၂၀၁၀ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်အနီး မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များက ကျောက်စိမ်းအတွဲများကို ကြည့်ရှုလေ့လာကြပြီး တင်ဒါစနစ်ဖြင့် ဝယ်ယူကြသည်။

နံနက် ၉ နာရီမှ စတင်၍ ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များ၏ အဆိုပြုလွှာများမှ တင်ဒါရရှိသူများစာရင်းကို ကြေညာရာ ညနေပိုင်းတွင် ကျောက်စိမ်းအတွဲပေါင်း ၁၄၉၅ တွဲ ရောင်းချရသည်။

ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များသည် တင်ဒါစနစ်ဖြင့် ရောင်းချမည့် ကျောက်စိမ်းအတွဲများကို စိတ်ဝင်တစား ကြည့်ရှုလေ့လာကြပြီး အဆိုပြုလွှာများကို သက်ဆိုင်ရာ တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြရာ ပြပွဲဗဟိုကော်မတီ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် ပြပွဲဗဟိုကော်မတီဝင်များက လိုက်လံကြီးကြပ်ဆောင်ရွက်ပေးကြသည်။

ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များ၏ ကျောက်စိမ်းအတွဲ အဆိုပြုလွှာများကို တာဝန်ရှိသူများက ညနေပိုင်းတွင် ဖွင့်ဖောက်စစ်ဆေးကြသည်။

၂၀၁၀ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ငါးရက်မြောက်နေ့ဖြစ်သည့် ယနေ့တွင်လည်း ပြည်တွင်း၊ ပြည်ပ ရတနာကုန်သည်များက ကျောက်စိမ်းအတွဲများကို စိတ်ဝင်တစား ကြည့်ရှုလေ့လာ ဝယ်ယူလျက်ရှိကြသည့်အပြင် မဏိရတနာ ကျောက်စိမ်းခန်းမ အနီးရှိ ကျောက်စိမ်းဥယျာဉ် (Jade Garden)နှင့် စားသောက်ဆိုင်တန်းများတွင်လည်း အပန်းဖြေ စားသောက်ကြသည့် ရတနာကုန်သည်များဖြင့် အထူးစည်ကားလျက်ရှိသည်။

နေပြည်တော်၌ ပထမဆုံးအကြိမ် ကျင်းပသည့် ၂၀၁၀ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မဏိရတနာ ကျောက်စိမ်းခန်းမ၌ နိုဝင်ဘာ ၂၉ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

ပြည်တွင်း၊ ပြည်ပမှ ရတနာကုန်သည်များ ကျောက်စိမ်းအတွဲများကို စိတ်ဝင်တစား ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

အဆိုပြုလွှာများ ထည့်သွင်း

ပြည်တွင်း၊ ပြည်ပမှ ရတနာကုန်သည်များ တင်ဒါစနစ်ဖြင့် ရောင်းချမည့် ကျောက်စိမ်းအတွဲများအတွက် အဆိုပြုလွှာများကို တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၂-၁၁-၂၀၁၀ (တနင်္လာနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ရတနသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "သီလစောင့်ပြီးလျှုဒါန်းလျှင်" တရားတော် (ဆရာတော်အရှင်ပုညာနန္ဒ)
- ၆း၄၀ ကလောမှာထင်ရှား "ရွှေဥမင်ဘုရား"
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၈၂)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်"(အပိုင်း-၄၉)**
- ၈း၄၀ သန်လျင်မြို့ နတ်စင်တစ်ရာ ကျောင်းတိုက်မှ အရုဏ်ဆွမ်းလောင်းလှူပွဲ
- ၈း၅၀ ပဲတီစိမ်းစိုက်တောင်သူများ အထွက်တိုးစေမှာ ဝိစာရမှ ရွှေတိုးပါဝါ
- ၉း၁၀ ကျန်းမာသုတဖြန့်ဝေရာ Family Health ဂျာနယ်မှာ. . .
- ၉း၃၀ MRTV-4 ကျန်းမာရေးကဏ္ဍ (ဆီးချိုမျက်စိရောဂါအကြောင်း သိကောင်းစရာ)
- ၁၀း၀၅ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ "ဒိုင်စားတယ်"DVD
- ၁၀း၃၀ The Champion of Dance
- ၁၁း၀၅ Celebrity Choice (ဥက္ကာဦးသာ၊ ရှင်ဖုန်း)
- ၁၁း၄၀ MRTV-4 ကာတွန်းအစီအစဉ် "ဒဏ္ဍာရီထဲကစား"(အပိုင်း-၃၁)
- ၁၂း၀၅ Activities in The City [အထက(၁)ကမာရွတ် ကျောင်းသူဟောင်းများ၏ (၁၆)ကြိမ်မြောက်အာစရိယပူဇော်ပွဲ]
- ၁၂း၂၀ နွေးထွေးသောဝန်ဆောင်မှုများနှင့် ဧဒင်
- ၁၂း၃၀ စာအုပ်ပြခန်း (သားသားမီးမီးတို့ဖြစ်တတ်သော ရောဂါများစာအုပ်ရေးသားသူ ဒေါက်တာခင်မျိုးဟန်နှင့်တွေ့ဆုံခြင်း)
- ၁း၀၀ "သီလစောင့်ပြီးလျှုဒါန်းလျှင်" တရားတော် (ဆရာတော်အရှင်ပုညာနန္ဒ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ သူတို့ဘဝ သူတို့ဟာသ (ဦးဒီပါ)
- ၂း၅၅ FMF Selection
- ၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၈၂)**
- ၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်"(အပိုင်း-၄၉)**
- ၄း၄၅ ဝိရောဓိ CO NTRA
- ၄း၅၀ ဆံသားကျန်းမာရေးကို သဘာဝကျကျထိန်းသိမ်းတတ်စေဖို့
- ၅း၀၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၅း၃၀ MRTV-4 ကာတွန်းအစီအစဉ် "ဒဏ္ဍာရီထဲကစား"(အပိုင်း-၃၀)
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ Sunday Talk [မျိုးမြတ်သူ၊ မောင်လူမွှေး(မြန်မာမှု)]
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၈၃)**
- ၇း၂၅ ဗီဒီယိုပြခန်း
- ၇း၄၀ အနုပညာမိုးကောင်းကင်
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ စကားနပန်း (ဘတ်စ်ကားစီးတာ ကောင်းတယ်၊ ဘတ်စ်ကားမစီးတာကောင်းတယ်)
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၅၀)**
- ၁၀း၁၀ International Show Biz
- ၁၀း၂၅ ဈေးဝယ်လမ်းညွှန် (Corcana)
- ၁၀း၅၀ ဆီးချိုကြောင့်ဖြစ်သော ကျောက်ကပ်ရောဂါကို ကာကွယ်တားဆီးခြင်း (ပါမောက္ခဒေါက်တာစောနောင်)
- ၁၁း၂၀ Mega Star Talk (ခင်မောင်တိုး)(အပိုင်း-၂)
- ၁၁း၄၀ မြန်မာကြိုက်နဲ့သာဖြူပရုတ်ဆီ
- ၁၁း၅၀ လှုပ်ရှားစုံစုံမြန်မာ့သုခမဇာတ်ခုံ (သစ္စာမေတ္တာရွှေမန်းသဘင် တင်မောင်ဆန်းမင်းဝင်း) (အပိုင်း-၂)
- ၁၂း၁၅ မင်းမသိသေးပါဘူးကွာ (ဧရာ၊ ငှက်ပျော်ကြော်၊ ကြူကြူသင်း၊ အေးအေးခိုင်) (ဒါရိုက်တာ-ဆွေဇင်ထိုက်)
- ၁၂း၂၀ စွဲမက်ဖွယ်ရာ ရတနာ (ကြည်လင်အေးမြ မြကျောက်အလှ)(အပိုင်း-၂)
- ၁၂း၄၅ Movie Mistake (Air Force One)
- ၁း၀၀ မောတို့မြေမှ အံ့ဖွယ်ထူးခြား လိုဏ်ဂူများ
- ၁း၅၀ နေပြည်တော်ကမ္ဘောဇဘဏ်နှင့် ဘဏ်ခွဲများ၏ ဝန်ဆောင်မှုလုပ်ငန်းများ
- ၂း၁၀ ACT အေးချမ်းသာ ပရဟိတကျောင်း
- ၂း၄၀ ရွှေအလင်းအိမ်မှသည် ကားပိုင်ရှင်များဆီသို့
- ၃း၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄း၀၀ အလှဆင်ပူဇော် ဘုရားမီးရောင်ခြည်တော်
- ၄း၂၅ ကျန်းမာလှပတဲ့ဘဝကိုပိုင်ဆိုင်ဖို့ ယောဂကျင့်စဉ် ကျင့်ကြစို့
- ၄း၄၅ တန်ခိုးတော်အနန္တ ပြည့်ဝမွှမ်းထုံ ရွှေစည်းခုံ
- ၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂း၂၄	Sunderland - Everton	ESPN(Live)

အောင်ထက်မြက်ကုမ္ပဏီမှ နှစ်သစ်အကြို တာယာများ ရောင်းချ

ရန်ကုန် နိုဝင်ဘာ ၂၁

အောင်ထက်မြက်ကုမ္ပဏီ ရန်ကုန်တာယာစက်ရုံမှာ ရွှေပြည်သာစက်မှုဇုန် (၄) အမှတ်(၃၆/၃၇) ပန်းပဲခေါင်းမောင်ခက်လမ်း ရန်ကုန်မြို့တွင် တည်ရှိပြီး တရုတ်(တိုင်ပေ)လုပ် စက်သစ်ကြီးများကို အသုံးပြု၍ ဂျပန်နိုင်ငံမှ နည်းပညာဖြင့် ပေါင်းစပ်ကာ ပြည်ပသွင်းကုန်အစားထိုးနိုင်လွန်တာယာများအဖြစ် ထုတ်လုပ်လျက် NEW YEAR PROMOTION အကြို ရောင်းချလျက်ရှိသည်။

ပြည်တွင်းအဆင့်မြင့်ဆုံး RSS -1 ရော်ဘာနှင့် ISO အဆင့်အတန်းမီ KOREA, RUSSIA စသည်တို့မှ ထုတ်လုပ်သော Synthetic Rubber၊ ဓာတုကုန်ကြမ်းများဖြင့်သာ အသုံးပြုထုတ်လုပ်ထားသည့်အတွက် အပူဒဏ်ခံနိုင်ခြင်း၊ လမ်းကြမ်းဒဏ်ခံနိုင်ခြင်း၊ ပွန်းစားမှုဒဏ်ခံနိုင်ခြင်း စသည့် အရည်အသွေးများနှင့် ကိုက်ညီသည်။

ရန်ကုန်တာယာစက်ရုံမှ 5.00-12(8PR)၊ 5.50-13(8PR)၊ 6.00-13 (10PR)၊ 6.00-14(8PR)၊ 6.50-14 (10PR)၊ 7.00-15(14PR)၊ 7.00-16(14PR)၊7.50-16(16PR)(Rib)၊7.50-16 (16PR)(Lug)၊ 8.25-16(18PR)(Lug) များ ထုတ်လုပ်လျက်ရှိသည်။ ယင်းတာယာများမှာ နိုင်ငံတကာမှ ထုတ်လုပ်သော တာယာများနှင့် အရည်အသွေးယှဉ်ပြိုင်နိုင်ပြီး ဈေးနှုန်းသက်သာခြင်း၊ ပိုမိုကြာရှည်အသုံးခံနိုင်ခြင်း၊ မြန်မာနိုင်ငံ၏ လမ်းများနှင့် ကိုက်ညီမှုရှိစေရန် ထုတ်လုပ်ထားခြင်း၊ အာမခံအပြည့်အဝပေးနိုင်ခြင်းတို့ကြောင့် ယာဉ်ပိုင်ရှင်များနှင့် ယာဉ်မောင်းသူများ အကြိုက်တွေ့လျက်ရှိသည်။

ရန်ကုန်တာယာစက်ရုံမှ ထုတ်လုပ်သော တာယာများကို ရန်ကုန်မြို့တွင် ရန်ကုန်တာယာစက်ရုံ အရောင်းပြခန်း အမှတ်(၄၇) ဘုရင့်နောင်လမ်းမကြီး လှိုင်မြို့နယ် ဖုန်း-၆၈၂၃၆၈၊ ၆၈၁၅၇၁၊ ၀၉-၈၀၃၀၄၈၆၊ ဘုရင့်နောင်ဈေး ဧကဒီပါ တာယာအရောင်းဆိုင် ဖုန်း-၆၈၀၆၁၆၊ ၆၈၂၅၆၄၊ Light House Enterprises Ltd. အရောင်းဆိုင် 118/B ဘုရင့်နောင်လမ်းမကြီး မရမ်းကုန်းမြို့နယ် ဖုန်း-၆၈၀၉၄၃၊ ၆၈၂၈၉၁၊ ၆၈၆၇၄၁နှင့် ၆၈၆၇၄၂၊ မန္တလေးမြို့တွင် B.S တာယာရောင်းဝယ်ရေး အမှတ်(၂၀၅/က)၂၇လမ်း၊ ၈၁×၈၂လမ်းကြား ချမ်းအေးသာစံမြို့နယ် ဖုန်း-၀၂-၃၅၀၈၈၊ ၂၃၂၃၀ နှင့် အမြို့မြို့အနယ်နယ်ရှိ တာယာအရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

မြန်မာပို့စ်ဂျာနယ် ထုတ်ဝေဖြန့်ချီ

ရန်ကုန် နိုဝင်ဘာ ၂၁

မြန်မာပို့စ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၄၅)ကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ United Media Group မှ မြန်မာတစ်နိုင်ငံလုံးသို့ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

မြန်မာပို့စ်ဂျာနယ်တွင် ၂၀၁၀ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ရတနာကုန်သည် ၆၀၀၀ကျော် လာရောက်၊ တန် ၆၀ ခံနိုင်ဝန်ရှိသည့် တိုးချဲ့ကမ်းနားလမ်းသစ်ကို စတင်ဆောင်ရွက်၊ ကုန်းတွင်းပိုင်း ကုန်သေတ္တာစခန်းများကိုလည်း ပူးတွဲတည်ဆောက်၊ အရှေ့တောင်အာရှအကြီးဆုံး ရေအားလျှပ်စစ်စီမံကိန်းကို ဒေါ်လာ ၁၀ဘီလီယံကုန်ကျခံ၍ ပူးပေါင်းဆောင်ရွက်မည်၊ စတုတ္ထအကြိမ် ဧရာဝတီ-ကျောက်ဖရား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာထိပ်သီးအစည်းအဝေး၌ ပုဂ္ဂလိကကဏ္ဍ မြှင့်တင်ရေးကို အလေးထားဆွေးနွေး၊ မြန်မာ အပါအဝင် အာရှနိုင်ငံများ ဆန်ထုတ်လုပ်မှုမြှင့်တင်ရန် IRRI တိုက်တွန်း၊ AFTA ကြောင့် မြန်မာ့သစ်တင်ပို့မှု အလားအလာ ပြန်လည်လှုပ်ခတ်ဖွယ်ရှိ၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်တို့နှင့် ပူးပေါင်းဆောင်ရွက်မှု မြန်မာမြှင့်တင်၊ ဟိုတယ်သစ်များ ၂၀၁၀ ခုနှစ်တွင် ထပ်မံဖွင့်လှစ်ဦးမည်ဟုဆို၊ နိုင်ငံခြားလုပ်ငန်းရှင်များ ရန်ကုန်အိမ်ခြံမြေဈေးကွက်ကို စိတ်ဝင်စားလာ စသည့် မျက်နှာဖုံးသတင်းများနှင့် ပြည်စိုး၊ ဦးအောင်ကျော်ကျော်(ကျန်းမာရေးပညာ)၊ မြတ်မိုးတို့၏ လေ့လာမှတ်သားဖွယ်ဆောင်းပါးများကို ဖော်ပြထားသည်။

ထို့အပြင် နိုင်ငံရေးအမြင်များနှင့် စပ်လျဉ်း၍ မောင်စူးစမ်း၏ အယ်ဒီတာ့အာဘော်အစား အခင်းအကျင်းသစ် ယုတ္တိသစ်၊ ထွန်းနေဦး၏ ကိုယ်စားလှယ်လောင်းမှ ကိုယ်စားလှယ်ကောင်းသို့ စသည့် ဆောင်းပါးများ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်အလိုက် ဘယ်လိုနိုင်ငံရေးရာ အဖြာဖြာကိစ္စရပ်များ ဆောင်ရွက်ကြရမလဲ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဒေသကြီးသို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ ဘာတွေဆောင်ရွက်မလဲစသည့် သတင်းဆောင်းပါးများ ဖော်ပြပါရှိသည်။

မြန်မာပို့စ်ဂျာနယ်တွင် ဖော်ပြနေကျဖြစ်သည့် ပြည်တွင်းပြည်ပနိုင်ငံရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ အနုပညာနှင့် ဖျော်ဖြေရေးသတင်းများ၊ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့် အနယ်နယ်အရပ်ရပ်မှ သတင်းများ၊ နိုင်ငံတကာအားကစား စသည့် သတင်းများကို ဝေဝေဆာဆာ ဖော်ပြထားသည်။

ထို့အပြင် စီးပွားရေးလုပ်ကိုင်ရန် အကောင်းဆုံးဖြစ်သည့် စင်ကာပူနှင့် ဟောင်ကောင်တွင် ရင်းနှီးမြှုပ်နှံရန် မြန်မာလုပ်ငန်းရှင်များ စိတ်ဝင်စား၊ ဂျပန်ကုမ္ပဏီမှ စီးပွားရေးပူးပေါင်းဆောင်ရွက်နိုင်ရန် လာရောက်ဆွေးနွေး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဝက်ဘ်ဆိုက် လွှင့်တင်မည်၊ ရန်ကုန်မြို့ရှိ ဧရိယာ ၁၃ ခုတွင် ကြိုးမဲ့အင်တာနက် Wifi တပ်ဆင်ရန် စီစဉ်နေ၊ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မြေနီကုန်းတစ်ဝိုက်၌ FTTX စနစ် တပ်ဆင်ရန် ပြင်ဆင်နေပြီ၊ အဌမအကြိမ်မြောက် ကိုရီးယားရုပ်ရှင်ပွဲတော်၌ အကောင်းဆုံးအမျိုးသားဆုကို ဝန်ဘင်းဆွတ်ခူး စသည့် စိတ်ဝင်စားဖွယ်သတင်းများ ဖော်ပြပါရှိသည်။ (သတင်းစဉ်)

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ဥပစာရှိ ပွဲတော်ကွင်း၌ မီးပုံးပျံများလွှတ်

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေး မဟာမဏိမယကျောက်စိမ်းဗုဒ္ဓပဋိမာရုပ်ပွားတော်တစ်ဆူအား ရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)



❁ **ရွှေဖုံးမှ**

တန်ဆောင်မုန်းလပြည့်နေ့ ညအခါတွင် အဇာတသတ်မင်းအား 'သာမညဖလသုတ္တန်' ဟောကြားတော်မူခြင်းကို အကြောင်းပြုပြီး တန်ဆောင်မုန်းလပြည့်နေ့အား သာမညဖလ အခါတော်နေ့ဟု သတ်မှတ်ခေါ် ဆိုခဲ့ကြသည်။

ခြိမ့်ခြိမ့်သဲသဲ

ယခင်က ရာသီပွဲတော်မှာ နက္ခတ်သဘင်ပွဲတော်ဖြစ်ခဲ့သော်လည်း ထေရဝါဒ ဗုဒ္ဓသာသနာတော်၏ အဆုံးအမနှင့်အညီ သံဃာတော်နေ့ အခါတော် (သာမညဖလ)နှင့် ကထိန်လျာသင်္ကန်း

တန်ဆောင်မုန်းလပြည့်နေ့က ဥပ္ပါတသန္တိစေတီတော်၌ ဘုရားဖူးလာပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုကြစဉ်။ (သတင်းစဉ်)

ဆက်ကပ်လှူဒါန်းသည့် ကထိန်ပွဲတော်များအဖြစ် အနှစ်သာရပြည့်ဝစွာ ဆင်ယင်ကျင်းပသည့် ရာသီပွဲတော်နေ့ ဖြစ်သည်။ ထို့ကြောင့် ယနေ့တွင် နေပြည်တော်တစ်ခွင်၌ တန်ဆောင်မာသ အခါသမယပွဲတော်များ ခြိမ့်ခြိမ့်သဲသဲ ကျင်းပလျက်ရှိသည်။

နေပြည်တော် ဥပ္ပါတသန္တိကုန်းတော်၌ တည်ထားကိုးကွယ်သော ဥပ္ပါတသန္တိစေတီတော် လိုဏ်တော်အတွင်းရှိ ကျောက်စိမ်းဗုဒ္ဓ ပဋိမာရုပ်ပွားဆင်းတုတော်များအား တန်ဆောင်တိုင်ရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲနှင့် မဟာပဋ္ဌာန်းသိမ်းအောင်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၅ နာရီခွဲတွင် စေတီတော်လိုဏ်အတွင်း၌ ကျင်းပရာ ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဇနိန္ဒ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေး၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးအောင်ကိုနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝတ်အသင်းအဖွဲ့များ တက်ရောက်ကြည်ညိုကြသည်။

ဆက်ကပ်လှူဒါန်း

ရှေးဦးစွာ တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက မဟာမဏိမယ ကျောက်စိမ်းဗုဒ္ဓ ပဋိမာရုပ်ပွားတော်များအား ရွှေကြာသင်္ကန်း၊ ဆွမ်း၊ ပန်း၊ ရေချမ်းနှင့် သစ်သီးများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နဝမအကြိမ် အသံမစဲ မဟာပဋ္ဌာန်းသိမ်းအောင်ပွဲ မင်္ဂလာအခမ်းအနားကို ကျင်းပရာ လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဇနိန္ဒ ထံမှ တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော်၊ သံဃာတော်များက သမန္တာအစချီသော မေတ္တသုတ် ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူကြပြီး တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်သွန်းချ

ထို့နောက် နိုင်ငံတော် ဩဝါဒါစရိယ နေပြည်တော်ခရိုင် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက် ပဓာန နာယက ဆရာတော် အဘိဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရထံမှ အနုမောဒနာတရား နာကြားကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ဝတ်အသင်းအဖွဲ့များက ပဋ္ဌာန်းဒေသနာတော်ကို ရွတ်ဖတ်ပူဇော်ကြသည်။

ထို့အပြင် စေတီတော်တွင် အရုဏ်တက်ချိန်မှ စ၍ ပန်း၊ ရေချမ်း၊ သစ်သီး၊ ဆွမ်း၊ ဆက်ကပ်လှူဒါန်း၍ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ပုညဆည်းပူးကြသူများဖြင့် စည်ကားလျက်ရှိသည်။

အစိုးရရုံးပိတ်ရက်ဖြစ်သည့် အားလျော်စွာ နေပြည်တော်၌ တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများနှင့် မိသားစုများ၊ ပတ်ဝန်းကျင်မြို့နယ်ကျေးရွာနှင့် ရပ်ကွက်များမှ ဘုရားဖူးပြည်သူများ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးယာဉ်များဖြင့် လာရောက်၍ ဖူးမြော်ကြည်ညိုကြသူများဖြင့်လည်း အထူးစည်ကားလျက်ရှိသည်။

ထို့အတူ ဥပ္ပါတသန္တိစေတီတော် ဝတ္တကမြေအတွင်းရှိ ဆင်ဖြူတော် ရတနာဆောင်၌လည်း အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ၊ ဒေသခံပြည်သူများ လာရောက်လေ့လာကြည့်ရှုလျက်ရှိကြရာ အထူးစည်ကားလျက်ရှိကြောင်း သိရှိရသည်။

စည်ကားလျက်ရှိ

အလားတူ နေပြည်တော်ရှိ ဓာတုစယ (ဓာတ်ပေါင်းစု) စေတီတော်၌လည်း ပန်း၊ ရေချမ်း၊ ဆီမီးနှင့် သစ်သီးဆွမ်း ဆက်ကပ်လှူဒါန်းကြသူများ၊ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်လုံ့လ ဉဿဟ အားထုတ်ကြိုးစား ဆည်းပူးကြသူများဖြင့် စည်ကားလျက်ရှိကာ ညပိုင်း၌ ဆီမီးပူဇော်ထွန်းညှိခြင်း၊ မီးပုံးပျံများ လွှတ်တင်ခြင်းတို့ဖြင့် တန်ဆောင်တိုင်ပွဲတော်ကို ဆင်နွှဲကြသည်။

ထို့အပြင် ပျဉ်းမနားမြို့ရှိ ကိုးဆူဘုရား၊ လောကမာရဇိန်နှင့် ကိုးခန်းကြီးဘုရားတို့၌ အရုဏ်တက်ချိန်မှစ၍ ဆွမ်း၊ ပန်း၊ ရေချမ်း ဆီမီးလှူဒါန်း ဆက်ကပ်ကြသူများ၊ ဥပုသ်သီလဆောက်တည်ကြသူများ၊ ဗုဒ္ဓါနုဿတိ ဘာဝနာနှင့် ဝိပဿနာ ဘာဝနာပွားများ အားထုတ်ကြသူများဖြင့် အထူးစည်ကားလျက်ရှိပြီး ညပိုင်းတွင် မြတ်ဗုဒ္ဓရှင်အား ရည်မှန်း၍ ဆီမီးပူဇော်ခြင်းကို အသင်းအဖွဲ့အလိုက်၊ တစ်ဦးချင်းအလိုက် အေးချမ်းပျော်ရွှင်စွာ ကုသိုလ်ပြုကြသည်။

နေပြည်တော်ခရိုင် လယ်ဝေးမြို့နယ် ပျဉ်းမနားမြို့ရှောင်လမ်း ပုံချီကျေးရွာအနီးရှိ ဇေလာတိဏ္ဏစေတီတော်၌ အရုဏ်တက်ချိန်မှစ၍ ဆွမ်း၊ ရေချမ်း၊ ပန်း၊ ဆီမီး ဆက်ကပ်လှူဒါန်းကြသူများဖြင့် စည်ကားလျက်ရှိသည်။

မီးပုံးပျံများလွှတ်တင်

ညနေပိုင်းတွင် ဥပ္ပါတသန္တိ စေတီတော်မြတ်ကြီး၌ ဆီမီး ၉၀၀၀ ပူဇော်ပွဲကို စုပေါင်းကျင်းပကြပြီး စေတီတော် ဥပစာရှိ ပွဲတော်ကွင်း၌ မီးပုံးပျံများ လွှတ်တင်ကြသည်။

အထူးလှပဝေဆာ

ညပိုင်းတွင် နေပြည်တော်တစ်ခွင်လုံး၌ ဆီမီးရောင်စုံတို့ဖြင့် လှပဝေဆာလျက်ရှိပြီး ဝန်ကြီးဌာနရုံးများ၊ နေပြည်တော် မြို့တော်ခန်းမ၊ နေပြည်တော် စာတိုက်ကြီး၊ ကျောက်မျက်ရတနာပြတိုက်၊ မြို့မဈေး၊ သပြေကုန်းဈေး၊ နေပြည်တော် Junction Centre၊ လမ်းဆုံအဝိုင်းများ ဖြစ်ကြသည့် သပြေကုန်းအဝိုင်း၊ ကြာပန်းအဝိုင်း၊ ပဒုမ္မာကြာပန်းအဝိုင်း၊ အင်ကြင်းပန်းအဝိုင်း၊ ရာဇသင်္ဂဟအဝိုင်း၊ ကံ့ကော်အဝိုင်းတို့နှင့် ဝန်ထမ်းအိမ်ရာများ၌ အလှဆင်ရောင်စုံမီးပြေးများဖြင့် လည်းကောင်း၊ ပျဉ်းမနား-တောင်ညိုလမ်းရှိ လျှိုပိတ်ဆည်၌လည်း ရောင်စုံမီးပြေးများဖြင့် အလှဆင်လျက် လည်းကောင်း အထူးလှပဝေဆာနေသည်ကို တွေ့ရှိရသည်။

ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် (၂၆)ကြိမ်မြောက် မသိုးသင်္ကန်း ရက်လုပ်ကပ်လှူပူဇော်ပွဲနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု တန်ဆောင်တိုင်မီးထွန်းပွဲတော်ကို ယမန်နေ့ ညနေပိုင်းတွင် ရွှေတိဂုံစေတီတော်ရင်ပြင်၌ ကျင်းပရာ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ အလှည့်ကျ သဘာပတိ ဦးစံလင်းနှင့် မသိုးသင်္ကန်း ရက်လုပ်ယှဉ်ပြိုင်ပွဲ ကျင်းပရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ ဂေါပကအဖွဲ့ဝင် ဦးကျော်ထွန်းတို့က မသိုးသင်္ကန်း ရက်လုပ်ယှဉ်ပြိုင်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး မသိုးသင်္ကန်းရက်လုပ်ယှဉ်ပြိုင်ပွဲကို စတင်ကျင်းပသည်။

ညပိုင်းတွင် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင်များ၊ ဘုရားဖူးလာ

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၌ ဆီမီး ၉၀၀၀ ပူဇော်ကြစဉ်။ (သတင်းစဉ်)

ပြည်သူများ၊ ဘာသာရေးဝတ်အသင်းအဖွဲ့ဝင်များက ရွှေတိဂုံစေတီတော်အား ဆီမီးရောင်စုံများ၊ လျှပ်စစ်မီးများဖြင့် ထွန်းညှိပူဇော်ကြပြီး စေတီတော် အနောက်ဘက် စောင်းတန်းနှင့် အနောက်ဘက်ကားကွင်းတို့တွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာနှင့်အညီ တန်ဆောင်တိုင် မီးထွန်းပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။

လှည့်လည်ကပ်လှူ

ယနေ့ နံနက် ၁ နာရီတွင် မသိုးသင်္ကန်း ရက်လုပ်ယှဉ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ကျင်းပပြီး နံနက် ၃ နာရီခွဲတွင် ရွှေတိဂုံစေတီတော်နှင့် စေတီတော်ရင်ပြင်ရှိ ဗုဒ္ဓရုပ်ပွားတော်များအား ဂေါပကအဖွဲ့က ဦးဆောင်ကာ ရက်လုပ်ပြီးစီးသည့် မသိုးသင်္ကန်းတော်များကို လှည့်လည်ကပ်လှူပူဇော်ကြသည်။

နံနက် ၅ နာရီတွင် ရွှေတိဂုံစေတီတော်ရင်ပြင်တောင်ဘက် ဧည့်ခံတန်ဆောင်း၌ ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဆွမ်း၊ သစ်သီးဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာများဖြင့် ဆွမ်းတော်ကြီးတင် ကပ်လှူပူဇော်ကြပြီး ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ စေတီတော်ဂေါပကအဖွဲ့က စေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီးများအား အရုဏ်ဆွမ်းကပ်လှူကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထွန်းညှိပူဇော်

အလားတူ ဆူးလေစေတီတော်၌ ယနေ့ နံနက်ပိုင်းတွင် အာရုံခံမုခ်လေးမုခ်ရှိ ဗုဒ္ဓရုပ်ပွားတော်များနှင့် အတုလမာရ်အောင် ရုပ်ပွားတော်အား ရွှေကြာသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြပြီး ဆူးလေစေတီတော် ဩဝါဒါစရိယ မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တကုမာရက သာမညဖလ အခါတော်နေ့နှင့် စပ်လျဉ်း၍ တရားတော်များကို ချီးမြှင့်ကာ ဝတ်အသင်းအဖွဲ့များက ဝတ်ရွတ်စဉ်များဖြင့် ရွတ်ဆိုပူဇော်ကြသည်။ ညပိုင်းတွင် စေတီတော်အား ဆီမီး ၅၀၀၀ ထွန်းညှိပူဇော်ကြသည်။

ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်မြတ်ကြီး၏ (၂၈) ကြိမ်မြောက် မသိုးသင်္ကန်း ရက်လုပ်ယှဉ်ပြိုင်ပွဲနှင့် မသိုးရွှေကြာသင်္ကန်း ဆက်ကပ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ ညနေ ၅ နာရီတွင် စေတီတော်ရင်ပြင်ရှိ ဆိပ်ကမ်းလုပ်သားပေါင်းစုံ ဓမ္မာရုံကြီး၌ ကျင်းပရာ ဗိုလ်တထောင်စေတီတော် တာဝန်ခံ အလှည့်ကျ ဂေါပကအဖွဲ့ဝင် ဦးစန်ဝင်းနှင့် တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ရက်ကန်းစင် ၁၅ စင်တို့က မသိုးသင်္ကန်းများ ယှဉ်ပြိုင်ရက်လုပ်ကြကာ ဝိနည်းတော်နှင့်အညီ သင်္ကန်းချုပ်လုပ်ခြင်း၊ ရွှေကြာကပ်ခြင်းများ ပြုလုပ်ကြပြီး မသိုးသင်္ကန်း ယှဉ်ပြိုင်ရက်လုပ်ပွဲတွင် ဆုရရှိကြသူများအား ဆုများချီးမြှင့်ကာ တန်ဆောင်မုန်းလပြည့်နေ့ ယနေ့နံနက် အရုဏ်မတက်မီ ဗုဒ္ဓမြတ်စွာဘုရား၏ ဆံတော်မြတ်နှင့် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအား မသိုးရွှေကြာသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆွမ်းဆန်စိမ်းလောင်းလှူ

ထို့အတူ စွယ်တော်မြတ်စေတီတော် (ရန်ကုန်)၌ ယမန်နေ့ ညဦးပိုင်းတွင် ဝေနေယျသုခ ဝတ်အဖွဲ့၊ ပုညဝတီဝတ်အဖွဲ့နှင့် ဝိသာခါဝတ်အဖွဲ့တို့က

က်ကြီး၏ ဥပစာရှိ ပွဲတော်ကွင်း၌ မီးပုံးပျံများလွှတ်တင်၍ တန်ဆောင်တိုင်ပွဲတော်ကို ဆင်နွှဲကြစဉ်။ (သတင်းစဉ်)

ပိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်မြတ်ကြီး၏ (၂၈) ကြိမ်မြောက် မသိုးသင်္ကန်း ရက်လုပ် ယှဉ်ပြိုင်ပွဲနှင့် မသိုးရွှေကြာသင်္ကန်း ဆက်ကပ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ ညနေ ၅ နာရီတွင် စေတီတော်ရင်ပြင်ရှိ ဆိပ်ကမ်းလုပ်သားပေါင်းစုံ ဓမ္မာရုံကြီး၌ ကျင်းပရာ ဗိုလ်တထောင်စေတီတော် တာဝန်ခံ

(သတင်းစဉ်)

အလှည့်ကျ ဂေါပကအဖွဲ့ဝင် ဦးစန်ဝင်းနှင့် တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ရက်ကန်းစင် ၁၅ စင်တို့က မသိုးသင်္ကန်းများ ယှဉ်ပြိုင်ရက်လုပ်ကြကာ ဝိနည်းတော်နှင့်အညီ သင်္ကန်းချုပ်လုပ်ခြင်း၊ ရွှေကြာကပ်ခြင်းများ ပြုလုပ်ကြပြီး မသိုးသင်္ကန်း ယှဉ်ပြိုင်ရက်လုပ်ပွဲတွင် ဆုရရှိကြသူများအား ဆုများချီးမြှင့်ကာ တန်ဆောင်မုန်းလပြည့်နေ့ ယနေ့နံနက် အရုဏ်မတက်မီ ဗုဒ္ဓမြတ်စွာဘုရား၏ ဆံတော်မြတ်နှင့် ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအား မသိုးရွှေကြာသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆွမ်းဆန်စိမ်းလောင်းလှူ

ထို့အတူ စွယ်တော်မြတ်စေတီတော် (ရန်ကုန်)၌ ယမန်နေ့ ညဦးပိုင်းတွင် ဝေနေယျသုခ ဝတ်အဖွဲ့၊ ပုညဝတီဝတ်အဖွဲ့နှင့် ဝိသာခါဝတ်အဖွဲ့တို့က ဝတ်ရွတ်စဉ်များဖြင့် ဝတ်ရွတ်ပူဇော်ကြပြီး ညပိုင်းတွင် ဆီမီးများ ထွန်းညှိပူဇော်ကြသည်။ ယနေ့ နံနက်ပိုင်းတွင် ဗုဒ္ဓဘုရားရှင်အား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြပြီး မုဒြာကိုးပါး ဗုဒ္ဓရုပ်ပွားတော်များအား ရွှေကြာသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြကာ ဆရာတော် သံဃာတော်များအား ဆွမ်းဆန်စိမ်း လောင်းလှူကြသည်။

ရွတ်ဆိုပူဇော်

အလားတူ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၌ ယနေ့ နံနက်ပိုင်းတွင် (၁၃)ကြိမ်မြောက် ရွှေကြာသင်္ကန်းကပ်လှူပွဲကို ကျင်းပရာ ရွှေကြာသင်္ကန်းတော်များဖြင့် စေတီတော်အား လက်ယာရစ်တစ်ပတ် လှည့်လည်ပူဇော်ကြပြီး စေတီတော်ရှိ ရုပ်ပွားတော်များ၌ ရွှေကြာသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် အာရုံခံတန်ဆောင်း၌ သာမညဖလအခါတော်နေ့ အခမ်းအနားကို ကျင်းပပြီး သာမညဖလသုတ် ဒေသနာတော်များကို ရွတ်ဆိုပူဇော်ကြသည်။

ထို့အတူ လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး၌ ယနေ့ နံနက်ပိုင်းတွင် ဂေါပကအဖွဲ့က လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီးအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြပြီး ဝတ်အသင်းအဖွဲ့များက ဝတ်ရွတ်စဉ်များဖြင့် ရွတ်ဆိုပူဇော်ကြသည်။ ညပိုင်းတွင် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ကြသည်။

အလားတူ ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီတော်၌ အကြိမ် (၂၀)မြောက် မသိုးသင်္ကန်း ရက်လုပ်ယှဉ်ပြိုင်ပွဲနှင့် မသိုးရွှေကြာသင်္ကန်းကပ်လှူပွဲ အခမ်းအနားကို ယမန်နေ့ ညနေ ၅ နာရီတွင် ဓမ္မာရုံသစ်ကြီးရှေ့၌ ကျင်းပရာ ရွှေဘုန်းပွင့်စေတီတော် ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးကိုယ်စား မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်နှင့် တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ရက်ကန်းစင် ၁၂ စင်တို့က မသိုးသင်္ကန်း ယှဉ်ပြိုင်ရက်လုပ်ကြကာ ယနေ့နံနက်ပိုင်းတွင် ဆုရရှိသည့် ရက်ကန်းစင်တော်များအား ဆုများချီးမြှင့်ကြသည်။ ထို့နောက် စေတီတော်နှင့် ဗုဒ္ဓရုပ်ပွားတော်များအား မသိုးရွှေကြာသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။

အရုဏ်ဆွမ်းဆက်ကပ်

ထို့အတူ အပရာဇိတ ဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်၌ ယနေ့ နံနက်ပိုင်းတွင် စေတီတော်မြတ်ကြီးအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းပြီး သာမညဖလ အခါတော်နေ့ အခမ်းအနားကို စေတီတော်အောင်မြေဓမ္မာရုံ၌ ကျင်းပသည်။ ညပိုင်းတွင် စေတီတော်ဂေါပကအဖွဲ့က ကြီးမှူး၍ စေတီတော်အား ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ကြသည်။

ယှဉ်ပြိုင်ရက်လုပ်

အလားတူ ကျိုက္ကစံ ဆံတော်ရှင် စေတီတော်၏ (၃၁)ကြိမ်မြောက် မသိုးသင်္ကန်း ရက်လုပ်ယှဉ်ပြိုင်ပွဲကို ယမန်နေ့ ညနေပိုင်းတွင် ကျင်းပရာ တာဝန်ရှိသူများက ပြိုင်ပွဲအား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ရက်ကန်းစင် ငါးစင်တို့က မသိုးသင်္ကန်း ယှဉ်ပြိုင်ရက်လုပ်ကြသည်။ ယနေ့ နံနက်ပိုင်းတွင် စေတီတော် ဂေါပကအဖွဲ့က ဦးဆောင်ကာ စေတီတော်နှင့် ဗုဒ္ဓရုပ်ပွားတော်များအား မသိုးရွှေကြာသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆုများချီးမြှင့်

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ရှိ သမိုင်းဝင်ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်မြတ်ကြီး၏ (၂၉)ကြိမ်မြောက် တန်ဆောင်တိုင် ဗုဒ္ဓပူဇနိယပွဲတော် မသိုးသင်္ကန်း ရက်လုပ်ယှဉ်ပြိုင်ပွဲကို ယမန်နေ့ ညနေ ၅ နာရီတွင် ကျင်းပပြီး ယနေ့နံနက် အရုဏ်တက်ချိန်တွင် မသိုးသင်္ကန်း ရက်လုပ်ယှဉ်ပြိုင်ပွဲ၌ ဆုရရှိကြသူများအား ဆုများချီးမြှင့်ကြသည်။ ယင်းနောက် ရက်လုပ်ပြီး မသိုးသင်္ကန်းတော်များကို စေတီတော်နှင့် ဗုဒ္ဓရုပ်ပွားတော်များအား ကပ်လှူပူဇော်ကြကာ ဆရာတော် သံဃာတော်များအား ဆွမ်းဆန်စိမ်း လောင်းလှူကြသည်။

ထို့အတူ ရန်ကုန်မြို့ ပတ်ဝန်းကျင်ရှိ ဘုရား၊ စေတီများ၊ မြို့နယ်အသီးသီးနှင့် ရပ်ကွက်များ၌ ဆီမီးထွန်းညှိ ပူဇော်ပွဲ၊ သာမညဖလ အခါတော်နေ့ ပူဇော်ပွဲ အခမ်းအနားများ၊ ဆွမ်းတော်ကြီး တင်လှူပူဇော်ပွဲများနှင့် ဗုဒ္ဓဒေသနာတော်များ ရွတ်ဆိုပူဇော်ပွဲများ၊ စုပေါင်း မဟာဘုံကထိန် အလှူတော်မင်္ဂလာပွဲများနှင့် စတုဒိသာ ကျွေးမွေးလှူဒါန်းပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။

အလားတူ နိုင်ငံတစ်ဝန်းရှိ ဘုရား၊ ပုထိုး၊ စေတီများ၌ မသိုးသင်္ကန်း၊ ရွှေကြာသင်္ကန်းများ ကပ်လှူပူဇော်ခြင်း၊ သာမညဖလ အခါတော်နေ့ ပူဇော်ပွဲများနှင့် ကထိန်အလှူတော်မင်္ဂလာပွဲများကို စည်ကားသိုက်မြိုက် အေးချမ်းပျော်ရွှင်စွာ ကျင်းပကြသည်။

(သတင်းစဉ်)



တန်ဆောင်မုန်းလပြည့်နေ့က ရွှေတိဂုံစေတီတော်မြတ်ကြီး၌ ဘုရားဖူးလာ ပြည်သူများဖြင့် စည်ကားနေစဉ်။ (သတင်းစဉ်)

ရွှေဘုန်းပွင့်စေတီတော်၌ အကြိမ်(၂၀)မြောက် မသိုးသင်္ကန်း ရက်လုပ်ယှဉ်ပြိုင်ပွဲနှင့် မသိုးရွှေကြာသင်္ကန်း ကပ်လှူပွဲ အခမ်းအနား ကျင်းပစဉ်။

(သတင်းစဉ်)

ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦး စေတီတော်မြတ်ကြီး၌ ဆီမီးများ ထွန်းညှိပူဇော်ကြစဉ်။
(သတင်းစဉ်)

နေပြည်တော်မြန်မာ့အသံရေဒီယိုအစီအစဉ်

(တနင်္လာနေ့-နံနက်-နေ့လယ်-ည)

၂၂-၁၁-၂၀၁၀

၇း၀၀	အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅	တရားတော် (မေတ္တာသုတ်+ခန္ဓသုတ်) ဓမ္မပူဇာတေးပဒေသာ
၇း၃၀	(၃၈)ဖြာမင်္ဂလာ
၇း၃၅	နံနက်ခင်းတေးပဒေသာ
၈း၀၀	စံတော်ချိန်+သတင်း
၈း၁၀	နံနက်ခင်းတေးပဒေသာ
၁၀း၀၀	အမှတ်တရတေးလက်ဆောင်
၁၀း၃၀	သတင်းစာအာဘော်
၁၀း၃၅	တေးပဒေသာ
၁၀း၄၅	လယ်ယာစီးပွား (ခရမ်းစိုက်ပျိုးနည်း) တေးသီချင်း
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	မေတို့တွက်တာအလှကမ္ဘာ (လက်သည်းခြေသည်းပြုပြင်ခြင်း)
၁၁း၂၀	နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၀	သိပ္ပံပညာသိကောင်းစရာ (နေရဲ့စူးရှတဲ့ရောင်ခြည်တန်းနှင့် ကမ္ဘာဂြိုဟ်)
၁၁း၄၀	တေးပဒေသာ
၁၂း၀၀	စံတော်ချိန် သိမှတ်ဖွယ်ရာနိုင်ငံရေးရာ
၁၂း၁၅	အလုပ်အကိုင်အခွင့်အလမ်း (ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး)
၁၂း၂၀	တေးပဒေသာ
၁၂း၃၀	အားကစားသတင်းပဒေသာ
၁၂း၄၀	နေ့လယ်ခင်းတေးပဒေသာ
၁း၀၀	မွန်းလွဲပိုင်းသတင်း
၁း၁၀	ပညာရေးအစီအစဉ် (စတုတ္ထတန်း-ပထဝီဝင်) တေးပဒေသာ
၁း၃၀	အစီအစဉ်ပြီး၏။
၄း၀၀	အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၄း၃၀	သောတရှင်လိုရာတေး
၅း၀၀	သန်စွမ်းကျန်းမာကိုယ်ခန္ဓာ (သွားဝါခြင်းကင်းအောင် ဂရုစိုက်လုပ်ဆောင်)
၅း၁၀	ဇာနည်စစ်သည်တေးပန်းချီ
၅း၂၅	သတင်းစာဆောင်းပါး
၅း၃၅	အင်္ဂလိပ်စာသုတပဒေသာ(34) ညနေခင်းတေးပဒေသာ
၆း၀၀	ညနေခင်းသတင်း
၆း၁၀	တေးချစ်သူရွေးသီတေးပန်းချီ တေးပဒေသာ
၇း၀၀	နိုင်ငံတကာသတင်း
၇း၁၀	ရေဒီယိုအတိတ်တေးအရိပ် တေးပဒေသာ
၇း၄၀	ပြုံးပဒေသာ နိုင်ငံရေးဦးတည်ချက် တေးပဒေသာ
၈း၀၀	ပြည်တွင်းသတင်း
၈း၂၀	ချမ်းမြေ့သာယာသီရိဂေဟာ (ဒါရိုက်တာညိုမင်းလွင်နှင့် စန္ဒာလွင်တို့မိသားစု)
၈း၃၀	တေးပဒေသာ စီးပွားရေးဦးတည်ချက်
၉း၀၀	သီချင်းကြီး လူမှုရေးဦးတည်ချက်
၉း၁၅	ခံစားနားဆင်မြန်မာတေးသံစဉ် တေးပဒေသာ
၁၀း၀၀	အစီအစဉ်ပြီး၏။

အလိမ္မာ စာမှာရှိ

ဓာတုဗေဒမိသားစု သတ္တမအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၂၁

၁၉၆၇ ခုနှစ်မှ ၁၉၇၃ ခုနှစ်အထိ ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်မှ ဓာတုဗေဒဘွဲ့နှင့် ကုန်ထုတ်ဓာတုဗေဒဘွဲ့ရ ကျောင်းသား၊ ကျောင်းသူများ စုပေါင်း၍ ဓာတုဗေဒဘွဲ့နှင့် ကုန်ထုတ်ဓာတုဗေဒဌာနမှ ဆရာကြီး၊ ဆရာမကြီးများအား သတ္တမအကြိမ် ပူဇော်ကန်တော့ကြမည်ဖြစ်သည်။

အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၂၆ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ တက္ကသိုလ်များ ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ဖိတ်ကြားထားသော ဆရာကြီး၊ ဆရာမကြီးများ အပူဇော်ခံ ကြွရောက်ပါရန်နှင့် ၁၉၆၇ ခုနှစ် ဘွဲ့ရများမှ ၁၉၇၃ ခုနှစ် ဘွဲ့ရကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ပူဇော်ကန်တော့ကြရန် ဖိတ်ကြားထားသည်။

အာစရိယပူဇော်ပွဲအတွက် အလှူငွေများကို ဦးမောင်မောင်ကြီး (၁၉၆၇) ဖုန်း-၂၀၃၀၇၄၊ ဒေါ်အေးညွန့်ကြည် (၁၉၆၈) ဖုန်း-၅၅၉၉၈၀၊ ဗိုလ်မှူးကြီး ကိုကိုကျော်(ငြိမ်း) (၁၉၆၉) ဖုန်း-၅၀၁၄၃၂၊ ဦးဇော်ဝင်း (၁၉၇၀) ဖုန်း-၅၉၀၃၄၅၊ ဒေါ်စန်းစန်းဝင်း(၁၉၇၁) ဖုန်း-၂၉၈၉၉၆၊ ဦးသိန်းရွှေ(၁၉၇၂) ဖုန်း-၂၂၆၂၅ နှင့် ဒေါ်ဖြူဖြူညွန့် (၁၉၇၃) ဖုန်း-၂၉၂၉၅၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ဝန်ကြီး သူရဦးအေးမြင့် ဦးဆောင်သော မြန်မာနိုင်ငံအိုလံပစ်ကော်မတီကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ကျင်းပသည့် အာရှအားကစားပြိုင်ပွဲနှင့် အာရှအိုလံပစ်ကောင်စီ အထွေထွေညီလာခံသို့ တက်ရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိ

နေပြည်တော် နိုဝင်ဘာ ၂၁

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့်ဦးဆောင်သော မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ကွမ်ဒေါင်းပြည်နယ် ကွမ်ကျိုးမြို့၌ နိုဝင်ဘာ ၁၂ ရက်မှ ၂၇ ရက်အထိ ကျင်းပမည့် (၁၆)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲနှင့် (၂၉)ကြိမ်မြောက် အာရှအိုလံပစ်ကောင်စီ အထွေထွေညီလာခံသို့တက်ရောက်ရန် နိုဝင်ဘာ ၁၀ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ကွမ်ကျိုးမြို့သို့ လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ကြသည်။

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဦးဆောင်သော မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၁၂ ရက် ည ၈ နာရီတွင် ကွမ်ကျိုးမြို့ (Haixinsha)အားကစားကွင်းအတွင်းကျင်းပခဲ့သော (၁၆)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ အခြား အာရှနိုင်ငံအသီးသီး၏ အမျိုးသား အိုလံပစ် ကော်မတီများမှ တာဝန်ရှိသူများနှင့်အတူ တက်ရောက်ခဲ့သည်။ အဆိုပါဖွင့်ပွဲအခမ်းအနားသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်နှင့် တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ Dr. Jocques Rogge နှင့် တာဝန်ရှိသူများ၊ အာရှအိုလံပစ်ကောင်စီ ဥက္ကဋ္ဌ H.H. Sheikh Ahmed Al Fahad Al Sabah နှင့် တာဝန်ရှိသူများ၊ (၁၆)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ Mr.Liu Ping နှင့် တာဝန်ရှိသူများ၊ အာရှနိုင်ငံ ၄၅ နိုင်ငံတို့မှ အမျိုးသားအိုလံပစ်ကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ အားကစားအသင်းအသီးသီးတို့၏ အုပ်ချုပ်သူနှင့် နည်းပြများ၊ ဒိုင်လူကြီးများ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ တာဝန်ရှိသူများနှင့် အထူးဖိတ်ကြားထားသူများ၊ အားကစားဝါသနာရှင်များ တက်ရောက်ခဲ့ကြသည်။ ဖွင့်ပွဲ အခမ်းအနားတွင် တာဝန်ရှိသူတို့က ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားကြပြီးနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်က ပြိုင်ပွဲကို ဖွင့်လှစ်လိုက်ကြောင်း ကြေညာပေးခဲ့သည်။

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး သူရဦးအေးမြင့် ဦးဆောင်သောအဖွဲ့ (၂၉)ကြိမ်မြောက် အာရှအိုလံပစ်ကောင်စီ အထွေထွေညီလာခံသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

ဝန်ကြီး ဦးဆောင်သော မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီတွင် ကွမ်ကျိုးမြို့ Garden Hotel, Garden Ball Room ၌ ကျင်းပသော အာရှအိုလံပစ် ကောင်စီ၏ (၂၉)ကြိမ်မြောက် အထွေထွေညီလာခံသို့ တက်ရောက်ခဲ့သည်။အထွေထွေညီလာခံသို့ အပြည်ပြည်ဆိုင်ရာ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အာရှအိုလံပစ်ကောင်စီဥက္ကဋ္ဌ၊ အာရှနိုင်ငံ ၄၅ နိုင်ငံတို့မှ အမျိုးသားအိုလံပစ်ကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ (၁၆)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ ကျင်းပရေးကော်မတီမှ တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာ အားကစားအဖွဲ့အစည်းအဝေးနှင့် အာရှအားကစားအဖွဲ့အစည်းအဝေးတို့မှ တာဝန်ရှိသူများနှင့်ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။ အထွေထွေညီလာခံတွင် အာရှအားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးလုပ်ငန်းတို့ကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

ဝန်ကြီး ဦးဆောင်သော မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ကိုယ်စားလှယ်အဖွဲ့သည် ကွမ်ကျိုးမြို့တွင် ရောက်ရှိနေစဉ်ကာလအတွင်း အာရှအိုလံပစ်ကောင်စီက တည်ခင်းဧည့်ခံသော ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အိုလံပစ်ကော်မတီနှင့် ကွမ်ကျိုး အာရှအားကစားပြိုင်ပွဲကျင်းပရေးကော်မတီတို့က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြပြီး (၁၆)ကြိမ်မြောက် အာရှအားကစား ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်လျက်ရှိကြသော ပြိုင်ပွဲအားကစားအဖွဲ့ဝင်များ၏ ပါဝင်ယှဉ်ပြိုင်မှုတို့ကို ကြည့်ရှုအားပေးကြကာ ဆုတံဆိပ်များလည်း ချီးမြှင့်ခဲ့သည်။

ယခုကျင်းပဆဲဖြစ်သော (၁၆)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲသို့ အာရှနိုင်ငံ ၄၅ နိုင်ငံတို့မှ အားကစားသမား ၁၀၀၀၀ ကျော်တို့သည် အားကစားနည်း ၄၂ နည်းတွင် ပါဝင်ယှဉ်ပြိုင်လျက်ရှိကြပြီး မြန်မာနိုင်ငံအနေဖြင့် မြားပစ်၊ ပြေးခုန်ပစ်၊ ရေကူး၊ ဘိလိယက်၊ နဂါးလှေ၊ ပိုက်ကျော်ခြင်း၊ သေနတ်ပစ်၊ ဘော်လီဘော၊ အလေးမနှင့် ဝူရှူးအားကစားနည်းစုစုပေါင်း ၁၀ မျိုး ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

ဝန်ကြီး သူရဦးအေးမြင့် ဦးဆောင်သော မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိကြရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီမှ တာဝန်ရှိသူများ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ ဝန်ကြီးနှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါသွားခဲ့ကြသော မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးခင်မောင်လွင်တို့လည်း ပြန်လည်လိုက်ပါလာကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကူးစက်ရောဂါကပ်အသွင်ဖြစ်ပွားမှုအတွက် စုံစမ်းစစ်ဆေးခြင်းနှင့် စီမံခန့်ခွဲမှုဆိုင်ရာ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၁

ကူးစက်ရောဂါကပ်အသွင်ဖြစ်ပွားမှုအတွက် စုံစမ်းစစ်ဆေးခြင်းနှင့် စီမံခန့်ခွဲမှုဆိုင်ရာ အရှိန်အဟုန်မြှင့်ဆောင်ရွက်ရေးအလုပ်ရုံဆွေးနွေးပွဲ (Strengthening of Communicable Disease Outbreak Investigation and Management) ကို နိုဝင်ဘာ ၁၉ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးဦးစီးဌာန ရောဂါနှိမ်နင်းရေး အဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပရာ သဘာပတိ အမျိုးသားကျန်းမာရေးကော်မတီ အတွင်းရေးမှူး၊ ကူးစက်ရောဂါတိုက်ဖျက်ရေး ဗဟိုကော်မတီ အတွင်းရေးမှူး၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး တက်ရောက်၍ အဖွင့်အမှာစကားပြောကြားရာ၌ ယခုအခါ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကြောင့် ကူးစက်ရောဂါဖြစ်ပွားမှုများ များပြားလာလျက်ရှိကြောင်း၊ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ရောဂါတစ်မျိုးတည်းကိုသာ ဦးတည်မစဉ်းစားဘဲ အခြား ဖြစ်နိုင်ခြေရှိသော ရောဂါများ၊ ကမ္ဘာနှင့်ဒေသတွင်း ကူးစက်ရောဂါဖြစ်ပွားမှု အခြေအနေများကို ထည့်သွင်းစဉ်းစားရန်လိုအပ်ကြောင်း၊ ကူးစက်ရောဂါကြိုတင်ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သောဆေးနှင့် ဆေးပစ္စည်းကိရိယာများ၊ ရောဂါကာကွယ်ရေးဝတ်စုံများနှင့် ဓာတ်ခွဲပစ္စည်းများ စုံလင်စွာဖြင့် ထိရောက်သောရောဂါပိုးထိန်းချုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် မိမိကိုယ်ကိုယ် ရောဂါမကူးစက်အောင် ဆောင်ရွက်ခြင်း၊ ရောဂါကူးစက်မှုမရှိစေရန် ဆောင်ရွက်ခြင်းနှင့် ရောဂါဖြစ်ပွားသေဆုံးမှုမရှိအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်းမှာကြားပြီး သဘာဝဘေးအန္တရာယ်များ ကျရောက်ပြီးချိန်၌ ကူးစက်ရောဂါများ ကပ်ရောဂါအသွင် ဖြစ်ပွားမှုမရှိစေရန် ကြိုတင်ကာကွယ်တားဆီးနိုင်ခဲ့သည့် ကျန်းမာရေးဝန်ထမ်းများ၏ ဆောင်ရွက်မှုများကို ဂုဏ်ယူမှတ်တမ်းတင်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ယင်းနောက် ကျန်းမာရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး (ကုသရေး) ဒေါက်တာကျော်စိုးက ကုသမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ကုသရေးလုပ်ငန်းဖြည့်ဆည်း စီမံဆောင်ရွက်ခဲ့မှု လုပ်ငန်းအခြေအနေများကို ဒုတိယညွှန်ကြားရေးမှူးချုပ် (ကုသရေး) ဒေါက်တာကြီးမြင့်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာန၏ ကူးစက်ရောဂါကပ်ရောဂါအသွင်ဖြစ်ပွားမှု ကွင်းဆင်းဆောင်ရွက်မှု အခြေအနေများကို လက်ထောက် ညွှန်ကြားရေးမှူး (ဗဟိုကူးစက်)ဒေါက်တာဝင်းနိုင်နှင့် လက်ထောက်ညွှန်ကြားရေးမှူး (ဗဟိုကူးစက်) ဒေါက်တာတိုးသီရိအောင်တို့က ရှင်းလင်းတင်ပြကြပြီး ကပ်ရောဂါအသွင် ကူးစက်ရောဂါဖြစ်ပွားမှုအတွက် စုံစမ်းစစ်ဆေးခြင်းနှင့် စီမံခန့်ခွဲမှုဆိုင်ရာ အရှိန်အဟုန်မြှင့် ဆောင်ရွက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြချက်များအပေါ် ဆွေးနွေးပွဲတက်ရောက်လာကြသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြကာ သဘာပတိ ဒုတိယဝန်ကြီးက လိုအပ်ချက်များ ဖြည့်စွက်ညှိနှိုင်းဆောင်ရွက်ပေး၍ နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမြို့မြို့အနယ်နယ်တွင် ဖွံ့ဖြိုးစည်ပင်

မိုင်းဆတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ လေယာဉ်ကွင်းလမ်း လမ်းဘေး ဝဲ၊ ယာ မြို့သာယာလှပရေး ဆောင်ရွက်နေမှုကို ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုင်းထွန်းထွန်း ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် ဖားကန့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဒွန်ဘန်ကျေးရွာ ကျေးလက်ရေပေးရေးဆောင်ရွက်ပြီးစီးမှုကို ကွင်းဆင်း ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်လင်း ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

မြောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် မြို့သာယာလှပရေးလုပ်ငန်းဖြစ်သော မြောင်-ပရိမ္မ လမ်းဘေး ဝဲ၊ ယာ ကပ်တုံးများ ပြုလုပ်ခြင်းကို အမှုဆောင်အရာရှိ ဦးမျိုးမင်းထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဗိုလ်ဆန်းတို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

သရက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့သန့်ရှင်းသာယာ လှပရေးဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးမြလင်း ကြီးကြပ် ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌ကျပ်ငွေဖြင့်သာ ခန့်ထားရန်)

AA Medical Products Ltd.မှ အောက်ဖော်ပြပါ ရာထူးများအတွက် အရည်အသွေးပြည့်စုံသူများအား ခန့်ထားရန်လိုအပ်လျက်ရှိပါသည်။

၁။ ရုံးခွဲစီမံမန်နေဂျာ (Branch Admin Manager) **ကျား/မ (၃)ဦး**
- ဘွဲ့ရ အသက်(၃၀)နှစ်အထက်။
  စီမံရေးရာလုပ်ငန်းအတွေ့အကြုံ(၃)နှစ်၊ ရုံးလုပ်ငန်းနှင့်ပတ်သက်သည့် ကြီးကြပ်မှုလုပ်ငန်း၊ စတိုလုပ်ငန်းများတွင် စီမံအုပ်ချုပ်နိုင်ရမည်။ ကွန်ပျူတာကျွမ်းကျင်သူကို ဦးစားပေးမည်။
- ထူးချွန်ထက်မြက်သော ဝန်ထမ်းများဖြစ်လာအောင် စီမံအုပ်ချုပ်နိုင်သော အရည်အသွေး၊ လုပ်ငန်းများအောင်မြင်အောင် ဆောင်ရွက်နိုင်သော အရည်အသွေးရှိရမည်။
- ကုမ္ပဏီရုံးခွဲတည်ရှိရာမြို့များ (မန္တလေး၊ တောင်ကြီး၊ လားရှိုး၊ မြိတ်၊ မြစ်ကြီးနား၊ စစ်တွေ၊ မကွေး၊ မော်လမြိုင်၊ နေပြည်တော်နှင့် အခြားမြို့ကြီး)များတွင် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
  (မိသားစုနှင့်ပြောင်းရွှေ့မည်ဆိုပါက ကုမ္ပဏီမှ မိသားစုနေရေးထိုင်ရေးအတွက် စီစဉ်ပေးမည်။)

၂။ Sales Manager **ကျား/မ (၂)ဦး**
- ဘွဲ့ရ အသက်(၂၅)နှစ်မှ (၅၀)နှစ်အတွင်း။
- လူသုံးကုန်ပစ္စည်း(သို့)ဆေးဝါးဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းတွင် မန်နေဂျာအတွေ့အကြုံ(၃)နှစ် ရှိရမည်။
- ကုမ္ပဏီရုံးခွဲတည်ရှိရာမြို့များ (မန္တလေး၊ တောင်ကြီး၊ လားရှိုး၊ မြိတ်၊ မြစ်ကြီးနား၊ စစ်တွေ၊ မကွေး၊ မော်လမြိုင်၊ နေပြည်တော်နှင့် အခြားမြို့ကြီး)များတွင် တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။
  (မိသားစုနှင့်ပြောင်းရွှေ့မည်ဆိုပါက ကုမ္ပဏီမှ မိသားစုနေရေး ထိုင်ရေးအတွက် စီစဉ်ပေးမည်။)
- အရောင်းနှင့်ပတ်သက်၍လည်းကောင်း၊ အရောင်းဝန်ထမ်းများ စီမံခန့်ခွဲမှုနှင့် ပတ်သက်၍လည်းကောင်း ကောင်းမွန်စွာစီမံအုပ်ချုပ်နိုင်သူဖြစ်ရမည်။
- ကွန်ပျူတာကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြုနိုင်ရမည်။ အင်္ဂလိပ်အရေး၊ အပြောကျွမ်းကျင်သူကို ဦးစားပေးမည်။

၃။ Sales Representative **ကျား/မ (၂)ဦး**
- အသက်(၂၀)နှစ်မှ (၃၅)နှစ်အတွင်း၊ သိပ္ပံဘွဲ့ရရှိပြီးသူကို ဦးစားပေးမည်။
- လူသုံးကုန်ပစ္စည်း ဆေးနှင့်ဆေးပစ္စည်းများ ဖြန့်ဖြူးရောင်းချသည့် အတွေ့အကြုံရှိရမည်။
- ရုပ်ရည်သန့်ပြန့်ရမည်။ စကားပြောကောင်းမွန်၍ သွက်လက်ဖျတ်လတ် ရိုးသားတက်ကြွစွာ တာဝန်ထမ်းဆောင်နိုင်ရမည်။
- ခရီးသွားနိုင်ရမည်။ ကွန်ပျူတာသုံးစွဲနိုင်သူ၊ အင်္ဂလိပ်စာပြောနိုင်၊ ဖတ်နိုင်သူကို ဦးစားပေးမည်။
- နေပြည်တော်၌ နေထိုင်ဆောင်ရွက်နိုင်ရမည်။

၄။ Office Staff **ကျား/မ (၂)ဦး**
- ဘွဲ့တစ်ခုခုရပြီးဖြစ်ရမည်။
- နေပြည်တော်ရှိ အစိုးရရုံးဌာနအသီးသီးတွင် ရုံးလုပ်ငန်းများထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်ရမည်။
- ရုံးလုပ်ထုံးလုပ်နည်းများနားလည်ပြီး ရုံးလုပ်ငန်းအတွက်လိုအပ်သည့် Case File များ ပြင်ဆင်ခြင်း၊ Documentများကို စနစ်တကျ စုစည်းသိမ်းဆည်းခြင်း၊ ဆက်သွယ်ဆောင်ရွက်ခြင်း ပြုလုပ်နိုင်ရမည်။
- Computer ကျွမ်းကျင်စွာအသုံးပြုနိုင်ရမည်။
- လုပ်ငန်းကိစ္စအတွက် နေပြည်တော်၌ နေထိုင်ဆောင်ရွက်နိုင်ရမည်။ (နေပြည်တော်ခရိုင်ပျဉ်းမနားမြို့နယ်၌ နေထိုင်သူကို ဦးစားပေးမည်။)

၅။ Driver (ကားသေးမောင်း) **ကျား(၁)ဦး**
- အခြေခံပညာအထက်တန်းအဆင့်ရှိသူ ဖြစ်ရမည်။
- အသက်(၃၅)နှစ်အောက်ဖြစ်ရမည်။
- (၂/၃)တန်အောက် ကားသေးမောင်းနိုင်သူ၊ နယ်ခရီးမောင်းနိုင်သူ၊ လိုင်စင်အညို/အနီဖြစ်ရမည်။
- အင်္ဂလိပ်စကား အသင့်အတင့်နားလည်ပြီး အနည်းအကျဉ်းပြောနိုင်သူဖြစ်ရမည်။
- ဆက်ဆံရေးကောင်းမွန်သူ၊ သပ်ရပ်ဖျတ်လတ်သူကို ဦးစားပေးမည်။

၆။ Driver (ကားသေးမောင်း) **ကျား(၁၀)ဦး**
- အသက်(၃၅)နှစ်အောက် ဖြစ်ရမည်။
- (၂/၃)တန်အောက် ကားသေးမောင်းနိုင်သူ၊ နယ်ခရီးမောင်းနိုင်သူ၊ လိုင်စင်အညို/အနီဖြစ်ရမည်။
- အမှတ်စဉ်(၅/၆)အတွက် (လှိုင်သာယာ၊ ရွှေပြည်သာ၊ ထောက်ကြန့်၊ ဒဂုံဆိပ်ကမ်း၊ သန်လျင်၊ ကျောက်တန်း) မြို့နယ်မှအပ ကျန်မြို့နယ်နေသူများ လျှောက်ထားနိုင်ပါသည်။

အထက်ပါအလုပ်ကို စိတ်ဝင်စားသူသည် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း မိမိ၏ကိုယ်ရေးရာဇဝင်၊ ဓာတ်ပုံ(၂)ပုံ၊ ပညာအရည်အချင်းအထောက်အထား၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်းထောက်ခံစာတို့နှင့်အတူ AA Medical Products Ltd.အမှတ် (၄၀၈/၄၁၀)၊ မဟာဗန္ဓုလလမ်း၊ (၄)ထပ်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့သို့ ပေးပို့လျှောက်ထားနိုင်ပါသည်။







မော်လမြိုင်မြို့နယ် မြိုင်သာယာရပ်ကွက်ရှိ အသက်(၇၅)နှစ်အထက် ဘိုးဘွားများအား ဒေသဖွံ့ဖြိုးရေးလေ့လာရန် ပို့ဆောင်ပေးမည်

ရန်ကုန် နိုဝင်ဘာ ၂၁

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် မြိုင်သာယာရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း လေ့လာရေးခရီးစဉ် ပို့ဆောင်ရေးအဖွဲ့တို့က ကြီးမှူး ကျင်းပသော အသက် (၇၅)နှစ်အထက် ဘိုးဘွားများအား စတုတ္ထအကြိမ်မြောက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း လေ့လာရန် (အခမဲ့)ခရီးစဉ်အတွက် အလှူရှင်များနှင့် လေ့လာရေးခရီးစဉ် သွားရောက်ကြမည့် ဘိုးဘွားများတွေ့ဆုံပွဲကို နိုဝင်ဘာ ၁၄ ရက် နံနက် ၈ နာရီတွင် မြိုင်သာယာရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရပ်ကွက်ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက အမှာစကား ပြောကြားသည်။

ယင်းနောက် လေ့လာရေးခရီးစဉ် သွားရောက်ကြမည့် ဘိုးဘွားများအတွက် အလှူရှင် ၇၀ တို့က အလှူငွေ ကျပ်သိန်း ၃၀ ပေးအပ်ကြရာ ရပ်ကွက်ဥက္ကဋ္ဌနှင့် အမှုဆောင်များက လက်ခံကြသည်။

ယခု ၂၀၁၀ ခုနှစ် စတုတ္ထအကြိမ်အဖြစ် ရပ်ကွက်နေ အသက် (၇၅)နှစ်အထက် အဘိုးအဘွား ၆၀ တို့အား နိုဝင်ဘာ ၂၅ ရက် တွင် မော်လမြိုင်မြို့မှ မှန်လုံ မော်တော်ယာဉ်သုံးစီးဖြင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပုဂံ-ညောင်ဦး-ပုပ္ပား၊ မင်းဘူး၊ ပြည် စသည့် မြို့နယ်များသို့ လေးညအိပ် ငါးရက်ခရီး ပို့ဆောင်ပေးသွားမည်ဖြစ်ရာ လမ်းခရီးတစ်လျှောက်တွင် စေတနာရှင်များ၊ အလှူရှင်များက စားသောက်ဖွယ်များ၊ ဆေးဝါးများနှင့် အလှူငွေများ လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုဝင်ဘာ ၂၁ ရက် ပရီမီယာလိဂ်ရလဒ်များ				
ဖူဟမ်	၀	-	၄	မန်ချက်စတာစီးတီး
ဘလက်ဘန်း	၂	-	၀	အက်စတွန်ဗီလာ

နိုင်ငံတကာအားကစားသတင်းများ

ရှုံးထွက်အဆင့်သို့ တက်ရောက်နိုင်ရေး အဆုံးအဖြတ်ပေးတော့မည့် ချန်ပီယံလိဂ်ပွဲစဉ် (၅) ပထမနေ့ ပွဲကြိုမြင်ကွင်း

ချန်ပီယံလိဂ်အုပ်စုပွဲစဉ်(၅) ပထမနေ့ ပွဲစဉ်များထဲမှ ရုရှားမြေမှာ ကစားမယ့် စပါးတပ်မော်စကိုနဲ့ မာဆေးလ်တို့ပွဲကို နိုဝင်ဘာ ၂၃ ရက် (အင်္ဂါနေ့) ည ၁၂နာရီမှာ ကျင်းပမှာဖြစ်ပြီး ကျန်ပွဲစဉ် ခုနစ်ပွဲကို နိုဝင်ဘာ ၂၄ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၂း၁၅ နာရီမှာ ကျင်းပမှာဖြစ်ပါတယ်။

အုပ်စု(E)

ရိုးမား-ဘိုင်ယန်မြူးနစ်

ပွဲစဉ်(၄)အပြီးမှာ ရိုးမားက ခြောက်မှတ်သာ ရထားပေမယ့် ဘိုင်ယန်မြူးနစ်က ၁၂ မှတ်ရထားတာကြောင့် ရှုံးထွက်အဆင့်ကို တက်ရောက်ပြီးဖြစ်ပါတယ်။ နှစ်သင်းလုံးရဲ့ ပြည်တွင်းရပ်တည်မှုက အဆင့်(၆) မှာရှိနေပြီး ရလဒ်ကောင်းရေး ရုန်းကန်နေရပါတယ်။ ပထမအကျော့ ဆုံတွေ့စဉ် ဘိုင်ယန်မြူးနစ်က နှစ်ဂိုးပြတ်နဲ့ နိုင်ထားတယ်ဆိုပေမယ့် ဒီပွဲမှာ ရိုးမားက အိမ်ရှင်ဖြစ်သလို နောက်တစ်ဆင့်တက်ရေးအမှတ် လိုအပ်နေတာကြောင့် ရိုးမားကို ယုံကြည်ရမယ့်ပွဲပါ။

ဘေဆယ်-ကလုဂျ်

နှစ်သင်းလုံးက သုံးမှတ်သာ ရထားသေးတာကြောင့် ရှုံးထွက်အဆင့်ကို တက်ရောက်နိုင်ရေး မျှော်လင့်ချက်က မှေးမှိန်သွားပါပြီ။ ပထမအကျော့ ကလုဂျ် နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ထားပေမယ့် ဘေဆယ်ကွင်းမှာတော့ သရေကျသွားနိုင်ပြီး အိမ်ရှင်အနည်းငယ် အလေးသာတဲ့ပွဲပါ။

အုပ်စု(F)

ချယ်လ်ဆီး-ဇီလီနာ

ချယ်လ်ဆီးက ၁၂ မှတ်နဲ့ နောက်တစ်ဆင့်တက်သွားပြီ ဖြစ်ပေမယ့် ဇီလီနာ အမှတ်မရသေးဘဲ ဂိုးအလှူပေးနေပါတယ်။ ပထမအကျော့ အဝေးကွင်းမှာ ချယ်လ်ဆီးလေးဂိုး တစ်ဂိုးနဲ့ နိုင်ထားသလို ဒီတစ်ကြိမ်လည်း သက်သောင့်သက်သာကစားပြီး အနိုင်ယူသွားဦးမှာပါ။

စပါးတပ်မော်စကို-မာဆေးလ်

နှစ်သင်းလုံး ခြောက်မှတ်စီ ရထားတာကြောင့် အုပ်စုကို ကျော်ဖြတ်ရေး မျှော်လင့်ချက်က ဆတူရှိနေပါတယ်။ စပါးတပ်မော်စကို ဒီပွဲနိုင်ရင် နောက်တစ်ဆင့်တက်ဖို့ သေချာသလောက်ရှိနေတာကြောင့် မာဆေးလ်အတွက် ခက်ခဲမယ့်ပွဲပါ။

ရီးယဲလ်မက်ဒရစ် ကစားသမား စီရော်နယ်ဒို။

အုပ်စု(G)

အိုင်းယက်စ်-ရီးယဲလ်မက်ဒရစ်

ရီးယဲလ်မက်ဒရစ်က ၁၀ မှတ်ရထားပြီး အိုင်းယက်စ်က ဒုတိယနေရာက အေစီမီလန်ထက်က ခြောက်မှတ်လျော့ လေးမှတ်ရထားပါတယ်။ ပထမအကျော့က ရီးယဲလ်မက်ဒရစ် နှစ်ဂိုးပြတ်နိုင်ထားပေမယ့် နောက်တစ်ဆင့်တက်ရေး မျှော်လင့်ချက်ရှိနေတဲ့ အိုင်းယက်စ်ဘက်မှာ ရပ်တည်ရမယ့်ပွဲပါ။

အော်ဇေး-အေစီမီလန်

အော်ဇေးက သုံးမှတ်နဲ့ အေစီမီလန်က ငါးမှတ်ရထားပါတယ်။ စီးရီးအေမှာ ရလဒ်ကောင်းနေတဲ့ အေစီမီလန်အတွက် နောက်တစ်ဆင့်တက်နိုင်ရေး အရေးကြီးကာလကို ရောက်နေတာကြောင့် ပထမအကျော့ကလို အေစီမီလန်နှစ်ဂိုးမပြတ်နိုင်ပေမယ့် အနည်းဆုံးသရေတော့ ရမှာပါ။

အေစီမီလန် ကစားသမား ရော်နယ်ဒင်ဟို။

အုပ်စု(G)

ဘရာဂါ-အာဆင်နယ်

ဘရာဂါ ခြောက်မှတ်ရထားပြီး အာဆင်နယ်က ကိုးမှတ်ရထားပါတယ်။ ပထမအကျော့က အာဆင်နယ် ခြောက်ဂိုးပြတ်နိုင်ထားသလို ဒီတစ်ကြိမ်လည်း အနည်းဆုံး နှစ်ဂိုးလောက်တော့ ပြတ်နိုင်မယ်လို့ ယူဆရပါတယ်။

ပါတီဇန်-ရှက်တာဒိုးနက်

အမှတ်မရသေးတဲ့ပါတီဇန် အုပ်စုကို ကျော်ဖြတ်နိုင်ရေး မျှော်လင့်ချက်က ကုန်ဆုံးသွားပါပြီ။ ရှက်တာဒိုးနက်က ကိုးမှတ်ရထားတာကြောင့် ဒီပွဲနိုင်ရင် နောက်တစ်ဆင့်တက်ဖို့ အခြေအနေကောင်းသွားမှာပါ။ ပထမအကျော့က ရှက်တာဒိုးနက် တစ်ဂိုး ဂိုးမရှိနဲ့ နိုင်ထားပြီး ဒီတစ်ကြိမ် အဝေးကွင်းမှာလည်း မရှုံးနိုင်ဘူးလို့ ထင်ပါတယ်။

ဟန်သစ်
(ကြေးမုံ)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

အင်တာနက်ဆေးပညာသတင်းဆန်း

ပျက်ကျသည့်လေယာဉ်မှ ပြန်တွေ့သော အသည်းဖြင့် အောင်မြင်စွာ အစားထိုးကုသနိုင်

ဗြိတိန်နိုင်ငံ ဘာမင်ဂမ်လေဆိပ်၌ လေယာဉ်ပျက်ကျရာတွင် ပါသွားခဲ့သော အသည်းအစိတ်အပိုင်းသည် မပျက်မစီးဘဲ အသည်းအစားထိုးမည့် လူနာထံသို့ အရောက်ပို့ဆောင်ပေးပြီး ကွင်းအဲလိဇဘတ်ဆေးရုံက အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခဲ့သည့် ဆေးပညာဖြစ်ရပ်ဆန်းသတင်းကို ယနေ့ဖော်ပြထားသည်။ **သတင်း - စာမျက်နှာ » ၄**

ထူးခြားသည့် ညအပူချိန်များ

(၂၁ - ၁၁ - ၂၀၁၀)

ဟားခါး	၈	ဒီဂရီစင်တီဂရိတ်
မင်းတပ်	၉	ဒီဂရီစင်တီဂရိတ်

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ်မှ နမ့်ကျန်ရေလှောင်တမံ

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ

ခင်မောင်သန်း(စက်မှု)

နိုင်ငံတော်က ဒေသတွင်း စပါးသီးနှံအပါအဝင် သီးနှံများပိုမိုထွက်ရှိရေး၊ သောက်သုံးရေ ဖူလုံစွာရရှိနိုင်ရေး၊ ဒေသစိမ်းလန်းစိုပြည်ရေး၊ ရေအားလျှပ်စစ်ဓာတ်အားများ ထုတ်လုပ်ရရှိနိုင်ရေး၊ ရေဘေးကာကွယ်ရေး၊ ဒေသဝမ်းစာဖူလုံရေး၊ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လိုအပ်သော အသေးစား၊ အလတ်စား ဆည်မြောင်းစီမံကိန်းများကို နိုင်ငံတစ်ဝန်း ဖြန့်ကြက်တည်ဆောက် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ရေသယံဇာတ၊ မြေသယံဇာတများကို စူးစမ်းလေ့လာလျက်ရှိရာ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ရေလှောင်တမံလေးခု၊ ရေလွှဲဆည်ခြောက်ခု စုစုပေါင်း ၁၀ခုကို အကောင်အထည်ဖော် တည်ဆောက်ပေးခဲ့ပြီးဖြစ်သည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ်တွင် တိုင်းရင်းသားပြည်သူများ သောက်သုံးရေဖူလုံစေရေးနှင့် စိုက်ပျိုးမြေဧရိယာ ဧက ၂၀၀ ခန့်တွင် မိုးစပါး၊ နွေစပါးများ စိုက်ပျိုးနိုင်ရေး၊ မိုးတွင်းကာလ ရေကြီးမှုမှကာကွယ်ရေးအတွက် လားရှိုးမြို့တောင်ဘက် သုံးမိုင်ခန့်အကွာ နမ့်ကျန်ချောင်းပေါ်တွင် နမ့်ကျန်ရေလှောင်တမံကို တည်ဆောက်ခဲ့ပြီး ၂၀၁၀ ခုနှစ် ဩဂုတ် ၂၂ ရက်က ဖွင့်လှစ်ပေးခဲ့ပြီး ဖြစ်သည်။

မိမိတို့ သတင်းအဖွဲ့သည် အဆိုပါရေလှောင်တမံနှင့် အကျိုးကျေးဇူးများကို သိရှိနိုင်ရန် မန္တလေးမြို့မှ မန္တလေး-လားရှိုးလမ်းအတိုင်း ထွက်ခွာခဲ့ရာ လားရှိုးမြို့ ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးရုံးသို့ ရောက်ခဲ့ပြီး ဦးစီးအရာရှိ ဦးသန်းထွန်း၊ ဒုတိယဦးစီးမှူး ဦးကိုကိုနိုင်တို့နှင့်အတူ လားရှိုးမြို့နယ် နမ့်ကျန်ရေလှောင်တမံ တည်ရှိရာသို့ သွားရောက်ခဲ့ကြသည်။ လားရှိုး-မန္တလေးလမ်းမှ **စာမျက်နှာ ၆ ကော်လံ ၁ သို့▲**